# ကြေးမုံ
The Mirror

၁၃၇၀ ပြည့်နှစ်၊ နယုန်လဆန်း ၈ ရက်၊ ဗုဒ္ဓဟူးနေ့ (11-6-2008) (၅၇၀၆)


| နိုင်ငံရေး ဦးတည်ချက် (၄)ရပ် | စီးပွားရေးဦးတည်ချက် (၄)ရပ် | လူမှုရေး ဦးတည်ချက် (၄)ရပ် |
|---|---|---|
| * နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး<br>* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး<br>* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး<br>* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး | * စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး<br>* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး<br>* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး<br>* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး | * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး<br>* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး<br>* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး<br>* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး |

# မြို့ပေါ်တည်ဆောက်ရေးများဆောင်ရွက်သကဲ့သို့ ကျေးလက်ဒေသများသို့ ကွင်းဆင်းပြီး ဦးစားပေးအဆင့်လိုက်ပြုပြင် လေဘေးသင့်နောက်ဆက်တွဲရောဂါများ မဖြစ်ပွားရေး၊ မြို့နယ်သန့်ရှင်းသပ်ရပ်ရေးလုပ်ငန်းများ စနစ်တကျ စီမံဆောင်ရွက် ခရိုင်နှင့်မြို့နယ်တို့မှ တာဝန်ရှိသူများ အစွန်အဖျားကျသည့် နေရာများအထိရောက်ရှိအောင်သွားရောက် ဒေသ၏လိုအပ်ချက်များ၊ ဒေသခံပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေး

နေပြည်တော်　　ဇွန်　　၁၀

**အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိသည်။**

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား တွံတေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ နယ်မြေခံတပ်နယ်မှ တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး ရဲထွန်းဦးက တွံတေးမြို့နယ်အတွင်း လေမုန်တိုင်းတိုက်ခတ်ခဲ့မှု၊ ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ဆောင်ရွက်ခဲ့မှု၊ လေဘေးသင့်ပြည်သူများအတွက် ပြည်တွင်း၊ပြည်ပမှ လှူဒါန်းသည့်ပစ္စည်းများကို လေဘေးသင့်ပြည်သူများထံ ပေးအပ်မှု၊ လေဘေးသင့်ပြည်သူများ ၎င်းတို့၏ဆန္ဒအတိုင်း နေရပ်ဒေသများသို့ပြန်ရာတွင် လိုအပ်သည့် နေထိုင်ရေး၊ စားသောက်ရေးဆိုင်ရာများ စီမံဆောင်ရွက်ပေးမှု၊ ယင်းနေရပ်ဒေသများ၌ စေတနာရှင်၊ အလှူရှင်များက ယာယီတဲအိမ်များ ဆောက်လုပ်လှူဒါန်းမှုအပါအဝင် တွံတေးမြို့နယ် ပြန်လည်တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နိုင်မှုများကို ရှင်းလင်းတင်ပြသည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ▲

**အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် ကော့မှူး-ကွမ်းခြံကုန်း ကားလမ်း၌ လျှပ်စစ်မီး ပြန်လည်ရရှိရေးအတွက် လျှပ်စစ်ဝန်ထမ်းများက မီးရထား သံလမ်းဟောင်းများ အသုံးပြု၍ ဓာတ်မီးတိုင်များ စိုက်ထူနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

## ကြေးမုံ The Mirror ကျော်ရဲမင်း၏ "ဥပဒေနှင့် အညီသာဖြစ်သည်" (ဆောင်းပါး) စာမျက်နှာ-၆၊၇

"၁၉၇၅ ခုနှစ် နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့်ဥပဒေအရ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို တားဆီးမှုပြုလုပ်မယ်ဆိုရင် ဗဟိုအဖွဲ့အနေနဲ့ တစ်နှစ် တားဆီးထားနိုင်ပြီး ဆက်လက်တားဆီးဖို့လိုမယ်ဆိုရင် ဝန်ကြီးအဖွဲ့အနေနဲ့ နောက်ထပ်ငါးနှစ်အထိ ခွင့်ပြုချက်ပေးနိုင်တာကို တွေ့ရမှာပါ။ ဒါကို ဥပဒေမှာ တိတိကျကျ ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။"

အတည်ပြုဖောင် ၄း၀၀

ကြေးမုံ
The Mirror

၁၁-၆-၂၀၀၈
(ဗုဒ္ဓဟူးနေ့)

# ရပ်ရေးရွာရေး လူမှုရေးလုပ်ငန်းများတွင် စေတနာအပြည့် စွမ်းအားပြည့်ဖြင့် ပါဝင်ကူညီ

မြန်မာနိုင်ငံတွင် မေလဆန်းပိုင်းက ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်မှုကြောင့် ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်း ဒေသအချို့တို့၌ ပြည်သူများ၏ အသက်အိုးအိမ် အဆောက်အအုံများစွာ ပျက်စီးဆုံးရှုံးသွားခဲ့ရာ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော်တို့ ပူးပေါင်း၍ လေဘေးသင့် ဒေသများ၏ ကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်တိုအတွင်း အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်။

ယခုအခါ လေဘေးသင့်ဒေသများရှိ ဒေသခံပြည်သူများ၏ မြို့ပြကျေးရွာများ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများကို စတင်လုပ်ဆောင်နေကြပြီဖြစ်သည်။ တစ်ချိန်တည်းတွင် ဒေသခံများ၏ စိုက်ပျိုးရေး၊ ရေလုပ်ငန်းနှင့် ဆားချက်လုပ်ငန်းစသည့် မူလအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင် လုပ်ကိုင်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ အသင်းအဖွဲ့များ၊ ပြည်တွင်းပြည်ပ စေတနာရှင် အလှူရှင်များက လုပ်ငန်းခွင်သုံးပစ္စည်း၊ နည်းပညာ၊ ငွေကြေးနှင့် အခြားလိုအပ်ချက်များကို ဝိုင်းဝန်းပံ့ပိုးကူညီလျက်ရှိကြသည်။

လေဘေးသင့်ဒေသများ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းပမာဏမှာ ကြီးမားကျယ်ပြန့်လှသဖြင့် ဌာနတိုင်း၊ အသင်းအဖွဲ့တိုင်း၊ ပြည်သူတိုင်းက စေတနာစွမ်းအားရှိသမျှ ဝိုင်းဝန်းပါဝင်ကူညီကြရမည်ဖြစ်သည်။ အထူးသဖြင့် မူရင်းဒေသများ၌ ပြန်လည်နေထိုင်၊ အသက်မွေးဝမ်းကျောင်းလုပ်ကိုင်ကြမည့် ပြည်သူများ၏ နေရေး၊ စားရေး၊ ကျန်းမာရေးစသည့် အခြေခံလိုအပ်ချက်များ ပြည့်စုံစေရေး ပံ့ပိုးဖြည့်ဆည်းပေးကြရဦးမည်ဖြစ်သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း လူငယ်ရေးရာအဖွဲ့၏ ဦးဆောင်မှုဖြင့် ပြည်နယ်နှင့်တိုင်း အသီးသီးမှ အသင်းဝင်လူငယ် နှစ်ရာကျော် ပါဝင်သောအဖွဲ့သည် ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့်ဒေသများသို့ သွားရောက်၍ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများတွင် ပါဝင်ကူညီကြရန် ဇွန်လ ၁၀ ရက်နေ့က စတင်ထွက်ခွာသွားကြသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် လူငယ် ၂၆၄ ဦးတို့သည် လပွတ္တာမြို့နယ်ရှိ လှိုင်းဘုန်း၊ ပြင်စလူ၊ ဆင်ခြေရာ၊ စလူဆိပ်ကျေးရွာတို့နှင့် ဘိုကလေးမြို့နယ်ရှိ ကြိမ်ချောင်း၊ စက်ဆန်းကျေးရွာတို့သို့ သွားရောက်ပြီး ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ကျန်းမာရေးနှင့် ပြန်လည်တည်ဆောက်ရေးစသည့် ရပ်ရေးရွာရေး လုပ်ငန်းများတွင် ပါဝင်ကူညီ လုပ်ဆောင်သွားကြမည်ဖြစ်သည်။

ရပ်ရေးရွာရေးလုပ်ငန်းများသည် အမျိုးသားရေး၏လူမှုရေးဆိုင်ရာ အခြေခံအုတ်မြစ်ဖြစ်ရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် လူငယ်များက လေဘေးသင့်ဒေသများသို့ စွန့်စွန့်စားစား သွားရောက်၍ ဒေသခံပြည်သူများ၏ ပြန်လည်တည်ဆောက်ရေးနှင့် လူမှုရေးလုပ်ငန်းများတွင် စေတနာစွမ်းအား အပြည့်အဝထားပြီး ပါဝင်ကူညီဆောင်ရွက်လျက်ရှိသည့်နည်းတူ နိုင်ငံနှင့်ပြည်သူ့အကျိုးစီးပွားကို ဆက်လက်သယ်ပိုး ထမ်းရွက်သွားနိုင်ကြမည် ဖြစ်ပါသည်။ ။

သမိုင်းဝင် ကျိုက္ကစံဆံတော်ရှင်စေတီကြီးတွင် လေဘေးဒဏ်ကြောင့် ပျက်စီးခဲ့သော ထီးတော်၊ ငှက်မြတ်နား၊ စိန်ဖူးတော်နှင့် သာသနိကအဆောက်အအုံများ ဘက်စုံပြန်လည်မွမ်းမံရန် သယ်န်းကျွန်းမြို့နယ် မြဝတ်ရည်လမ်းသွယ်နေ ဦးငွေလင်း-ဒေါ်မိုးမိုးဦး၊ ကိုတင်မင်းထွန်း၊ ခွန်မောင်ဝမ်း မိသားစုက နှစ်ဖက်သောမိဘများအား ရည်စူး၍ အလှူငွေကျပ် ၁၁၀၀၀၀၀ လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတဓရ (ဆင်မင်း) ဦးတင်ရွှေနှင့် အဖွဲ့ဝင်များက လက်ခံစဉ်။ (က-ပ)

**ပြည်သူ့သဘောထား**

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင်များ ဖြစ်ကြသော ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်နှင့် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းတို့ ယာယီရွက်ဖျင်တဲများဖြင့်စာသင်ကြားလျက်ရှိသော ဖျာပုံမြို့ အမှတ်(၁၁) အခြေခံပညာ မူလတန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကား ပြောကြားစဉ်။**

(ပညာရေး)

# ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်နှင့် ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ဖျာပုံနှင့် ကျိုက်လတ်မြို့နယ်ရှိ အခြေခံပညာကျောင်းများစစ်ဆေး

ရန်ကုန် ဇွန် ၁၀

**အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင်များဖြစ်ကြသော ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စိုးနိုင်နှင့် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းတို့သည် ဇွန် ၉ ရက် နံနက် ၉ နာရီတွင် ဖျာပုံမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းသို့ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ မြို့နယ်ပညာရေးမှူး ဒေါ်သန်းနွဲ့စိန်က မုန်တိုင်းကြောင့် ပျက်စီးသွားသော ဖျာပုံမြို့နယ် အတွင်းရှိ အခြေခံပညာကျောင်းများနှင့် ကျောင်းများ ပြန်လည်ပြင်ဆင်ပြီးစီးမှု၊ ပြန်လည်ဖွင့်လှစ်နေမှုများကို ရှင်းလင်းတင်ပြရာ ဝန်ကြီး ဒေါက်တာ ချမ်းငြိမ်းက လိုအပ်ချက်များကို မှာကြားသည်။**

ထို့နောက် ဝန်ကြီးများသည် ကျောင်းသား၊ ကျောင်းသူများ ပညာသင်ယူနေမှု၊ ယုဇနကုမ္ပဏီလီမိတက်နှင့် ဒဂုံအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်တို့မှ ကျောင်းဆောင်များ ပြန်လည်ပြုပြင် တည်ဆောက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးများသည် ဖျာပုံမြို့ အမှတ် (၁) အခြေခံပညာ အလယ်တန်းကျောင်း၊ အမှတ်(၁၁) နှင့် အမှတ် (၁၂) အခြေခံပညာ မူလတန်းကျောင်းများသို့ ရောက်ရှိပြီး မိဘများနှင့် ရင်းနှီးစွာ တွေ့ဆုံအားပေးစကားပြောကြား၍ ကျောင်းသား၊ ကျောင်းသူများအား ဗလာစာအုပ်နှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်းကြသည်။

ထိုမှတစ်ဆင့် ဝန်ကြီးများသည် ကျိုက်လတ်မြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၊ မြို့မ အခြေခံပညာ အလယ်တန်းကျောင်းနှင့် အမှတ်(၇) အခြေခံပညာ မူလတန်းကျောင်းများသို့ ရောက်ရှိကြပြီး ဆယ်တင်ပစ္စည်းများဖြင့် ယာယီတည်ဆောက်ထားသော ကျောင်းဆောင်နှင့် အသစ်ပြန်လည် တည်ဆောက်လျက်ရှိသော အမှတ်(၇) အခြေခံပညာမူလတန်းကျောင်းဆောင်တို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ဝန်ကြီးများသည် ရွှေရတု ပြည်ထောင်စုဈေ့ရိပ်သာ၌ အခြေခံပညာ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများနှင့် တွေ့ဆုံ၍ လိုအပ်ချက်များကို မေးမြန်းဖြည့်ဆည်းပေးကြသည်။

ထိုမှတစ်ဆင့် ပညာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာ ချမ်းငြိမ်းသည် မအူပင်တက္ကသိုလ်သို့ ရောက်ရှိပြီး ဒုတိယ ပါမောက္ခချုပ် ဒေါက်တာ ဌေးလင်းမောင်က မုန်တိုင်းကြောင့် ပျက်စီးယိုယွင်းမှု အခြေအနေနှင့် ပြန်လည်ပြုပြင်ပြီးစီးမှု အခြေအနေများ၊ ပါမောက္ခ၊ ဌာနမှူးများက ကျောင်းသား၊ ကျောင်းသူများ ကျောင်းတက်ရောက်မှုနှင့် သင်ကြားရေး၊ စီမံခန့်ခွဲရေးအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီး ဒေါက်တာ ချမ်းငြိမ်းက လိုအပ်ချက်များကို ဖြည့်ဆည်းမှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မုန်တိုင်းသင့်ပြည်သူများအတွက် ပြည်နယ်နှင့်တိုင်းအသီးသီးမှ ထောက်ပံ့ငွေနှင့်ပစ္စည်းများ ဆက်လက်ပေးပို့လှူဒါန်း

**နေပြည်တော် ဇွန် ၁၀**

မုန်တိုင်းသင့် ပြည်သူများအတွက် ပြည်နယ်နှင့်တိုင်းအသီးသီးတို့မှ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ စေတနာရှင်ပြည်သူများနှင့် တပ်မတော်သားမိသားစုများက အမျိုးသားရေးစိတ်ဓာတ်အရင်းခံဖြင့် ထောက်ပံ့ငွေနှင့်ပစ္စည်းများကို ဆက်လက်ပေးပို့လှူဒါန်းလျက်ရှိကြရာ ရှမ်းပြည်နယ် (မြောက်ပိုင်း)မှ စေတနာရှင်ပြည်သူများက ငွေ ၂၆၂၁၆၉၃၂၆ ကျပ် တန်ဖိုးရှိ ဆန်အိတ် ၁၀၀၊ ဆေးပစ္စည်းမျိုးစုံ၊ ခေါက်ဆွဲခြောက် သေတ္တာ ၂၀၀၀ နှင့် အဝတ်အထည်မျိုးစုံတို့ကိုလည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း)မှ စေတနာရှင်ပြည်သူများက ငွေ၁၂၀၄၀၈၂၅ ကျပ်တန်ဖိုးရှိ အာလူးပိဿာ ၂၀၀၀၀ နှင့် စားသောက်ကုန် ပစ္စည်းမျိုးစုံတို့ကိုလည်းကောင်း၊ မွန်ပြည်နယ်နှင့်ကရင်ပြည်နယ်တို့မှ စေတနာရှင်ပြည်သူများက ငွေ ၇၁၃၁၃၁၅ ကျပ် တန်ဖိုးရှိ စားသောက်ကုန်ပစ္စည်းမျိုးစုံနှင့် ဆေးဝါးပစ္စည်း မျိုးစုံတို့ကိုလည်းကောင်း၊ တနင်္သာရီတိုင်းမှ စေတနာရှင်ပြည်သူများက ငွေကျပ် ၅၃၀၀၀၀ တန်ဖိုးရှိ လယ်ယာသုံးပစ္စည်းမျိုးစုံတို့ကိုလည်းကောင်း ပေးအပ်လှူဒါန်းခဲ့ကြပြီး ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီသို့ လာရောက်လှူဒါန်းငွေကျပ် ၃၀၀၀၀၀ အပါအဝင် စေတနာရှင်ပြည်သူများ၏ ဇွန် ၈ရက်က လှူဒါန်းသည့်ငွေနှင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၂၈၂၀ ၈၁၄၆၆ ဖြစ်ပြီး ဇွန် ၉ ရက်အထိ လှူဒါန်းသည့်ငွေနှင့် ထောက်ပံ့ရေးပစ္စည်းစုစုပေါင်း တန်ဖိုးမှာ ငွေကျပ် ၁၁၈၂၁၇ ၇၂၃၀၆ ရှိပြီဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

# လှိုင်သာယာမြို့နယ်လေဘေးသင့်ဌာနဆိုင်ရာများအတွက်ငွေလှူ

**ရန်ကုန် ဇွန် ၁၀**

ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် လေဘေးသင့်ဌာနဆိုင်ရာများသို့ တရုတ်(တိုင်ပေ) ဗုဒ္ဓဘာသာသာသနာပြုအဖွဲ့က မြို့နယ်လေဘေးကယ်ဆယ်ရေးအဖွဲ့မှတစ်ဆင့် အလှူငွေကျပ်သိန်းငါးဆယ်ကို ဇွန်၇ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ပေးအပ်လှူဒါန်းရာ မြို့နယ်လေဘေးကယ်ဆယ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်သိန်းမောင်နှင့် သက်ဆိုင်ရာ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ **(အပေါ်ပုံ)**

ထို့နောက် မြို့နယ်လေဘေးကယ်ဆယ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ဆက်လက်၍ တရုတ်(တိုင်ပေ) ဗုဒ္ဓဘာသာသာသနာပြုအဖွဲ့မှ တာဝန်ရှိသူများသည် ဘုန်းတော်ကြီးကျောင်းများအတွက် ဆန်အိတ်များနှင့် ဆီများကို မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ထံ ကိုယ်တိုင်သွားရောက်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ (၄၉)

# တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများ တိုးမြှင့်ထုတ်လုပ် လုပ်ငန်းရှင်များ၏ လိုအပ်ချက်များ ညှိနှိုင်းပံ့ပိုးဖြည့်ဆည်းပေးမည်

ရန်ကုန် ဇွန် ၁၀

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် ဇွန် ၉ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ရန်ကုန်တိုင်း စစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည့် ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များ စီမံခန့်ခွဲရေးကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကား ပြောကြားသည်။**

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်တိုင်း အတွင်းရှိစက်မှုဇုန်များ စီမံခန့်ခွဲရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်း အဝေးတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

အဆိုပါလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ရန်ကုန်တိုင်း အတွင်းရှိစက်မှုဇုန်များမှ စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့်အဖွဲ့ဝင်များ၊ လုပ်ငန်းရှင်များ နှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီး ဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အမှာစကားပြောကြားရာ၌ မုန်တိုင်း တိုက်ခတ်ခံရပြီး ပျက်စီးဆုံးရှုံးမှု များစွာဖြစ်ပေါ်ခဲ့ရာမူလအနေအထား အတိုင်းအမြန်ဆုံးပြန်လည်ရောက်ရှိအောင် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မ တော်တို့ ပူးပေါင်းကြိုးပမ်းဆောင်ရွက် ခဲ့ကြ၍ များစွာအောင်မြင်မှုရရှိခဲ့ကြောင်း၊ ပြန်လည် တည်ဆောက်ရေးလုပ်ငန်း များတွင်ကုမ္ပဏီများ၊ လုပ်ငန်းရှင်များ က ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက် ခဲ့ကြ၍လုပ်ငန်းများလျင်မြန်စွာပြန်လည် လည်ပတ်နိုင်မှုအတွက် ကျေးဇူးတင်ရှိ ကြောင်း၊ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများဆောင်ရွက်ရာတွင်လိုအပ် သည့် ပစ္စည်းများ ထုတ်လုပ်သည့် စက်ရုံများကလည်း တည်ဆောက်ရေး လုပ်ငန်းသုံး ပစ္စည်းများကို တိုးမြှင့် ထုတ်လုပ် သွားကြစေလိုကြောင်း၊ လုပ်ငန်းရှင်များ၏လုပ်ငန်းလိုအပ်ချက် များကိုလည်းမိမိတို့တာဝန်ရှိသူအဆင့် ဆင့်ကပေါင်းစပ်ညှိနှိုင်းပံ့ပိုးဖြည့်ဆည်း ပေးသွားမည်ဖြစ်ကြောင်း၊ ပုဂ္ဂလိက လုပ်ငန်းရှင်များကလည်း နိုင်ငံတော် ၏စက်မှုကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး အတွက်မိမိတို့၏လုပ်ငန်းများအလိုက် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်း ဆောင်ရွက်သွားကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်လှဋ္ဌေး ဝင်းနှင့်ရန်ကုန်မြို့တော်ဝန်ဗိုလ်မှူးချုပ် အောင်သိန်းလင်းတို့က ရန်ကုန်တိုင်း အတွင်းစက်မှုကဏ္ဍပိုမိုဖွံ့ဖြိုးတိုးတက် ရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေး နေမှု၊ ပံ့ပိုးပေးနေမှုများနှင့် စပ်လျဉ်း ၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းအတွင်း ရှိ စက်မှုဇုန်များမှ စီမံခန့်ခွဲရေးကော်မ တီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များကလက်ရှိလုပ်ငန်းကဏ္ဍ အလိုက် ဆောင်ရွက်နေမှုနှင့် လုပ်ငန်း လိုအပ်ချက်များကိုရှင်းလင်းတင်ပြကြ ရာ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ တိုင်းမှူး၊ ရန်ကုန်မြို့တော်ဝန်နှင့် တာဝန်ရှိသူများက ပေါင်းစပ် ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။

ထို့နောက်ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ က နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကိုရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

# ထူးထရေးဒင်းကုမ္ပဏီနှင့် အဲပုဂံကုမ္ပဏီမှ ဝန်ထမ်းများ ဘိုကလေးမြို့နယ် ပြည်သူ့ဆေးရုံသို့ ပစ္စည်းများလှူဒါန်း လယ်ထွန်စက်နှင့် မျိုးစပါးများ ပံ့ပိုးပြီးကူညီထွန်ယက်ပေးမည်

**ရန်ကုန် ဇွန် ၁၀**

မုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွား သော ဧရာဝတီတိုင်း ဘိုကလေး မြို့နယ် ပြည်သူ့ဆေးရုံ ပြန်လည် ပြုပြင်မှုများ ပြီးစီးသွား၍ ဆေးရုံ သုံးပစ္စည်းများကို HTOO Trading Co,Ltd. နှင့် Air Bagan Co,Ltd. တို့မှ ဝန်ထမ်းများက ဇွန် ၈ရက် နံနက်ပိုင်းတွင် သွားရောက်လှူဒါန်း ကြသည်။

HTOO Trading Co.,Ltd. နှင့် Air Bagan Co.,Ltd. တို့မှ ဝန်ထမ်း များသည် ဘိုကလေးမြို့နယ် ပြည်သူ့ ဆေးရုံတွင်အသုံးပြုရန်အတွက် ခုတင် အလုံး ၂၀၊ လေအေးပေးစက် နှစ်လုံး နှင့် အောက်ဆီဂျင်ထုတ် စက်တို့ကို လှူဒါန်းခဲ့ရာဆေးရုံအုပ်ကြီးဒေါက်တာ ဒေါ်လှလှကြည်(မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူးဘိုကလေးမြို့)က လက်ခံ ရယူသည်။**(ဝဲပုံ)** HTOO Trading Co,Ltd. နှင့် Air Bagan Co.,Ltd. တို့သည် မုန်တိုင်းကြောင့် ပျက်စီးသွား သည့်ဘိုကလေးမြို့နယ်ပြည်သူ့ဆေးရုံ ၏အုတ်တံတိုင်းများ၊ဆေးရုံအဆောက် အအုံ၊ တံခါးများ၊ ပြတင်းပေါက်များ နှင့် မျက်နှာကြက်များကို ပြန်လည် ပြုပြင်ဆောက်လုပ်ပေးခြင်း၊အမိုးများ ပြန်မိုးပေးခြင်း၊ ဆေးအသစ်သုတ် ပေးခြင်း၊ လျှပ်စစ်မီးနှင့် သောက်သုံး ရေများ ပြန်လည်ရရှိအောင် ပြုပြင် ဆောက်လုပ်လှူဒါန်းပေးထားကြောင်း သိရသည်။ ထို့ပြင်ဆေးရုံတွင်အသုံးပြု ရန်အတွက် Compressor နှင့် ရေစုပ်စက်များ၊ Fibre Tank၊ဘက်ထ ရီအိုးများနှင့် ဆေးမျိုးစုံတို့ကို လှူဒါန်း ထားပြီးဖြစ်ပြီး ဆေးရုံသို့ လှူဒါန်း ထားသည့် ပစ္စည်းများ ထားရှိနိုင်ရန် အတွက် အဆောင်သစ်တစ်ခုကိုထပ်မံ တည်ဆောက် လှူဒါန်းသွားမည်ဟု သိရှိရသည်။

HTOO Trading Co.,Ltd. နှင့် Air Bagan Co,Ltd.က မုန်တိုင်း ကြောင့် ပျက်စီးသွားသည့် ဘိုကလေး မြို့မှ အခြေခံပညာစာသင်ကျောင်း ခုနစ်ကျောင်း၊ ဌာနဆိုင်ရာ ရုံးခုနစ်ခု၊ သာသနာရေး အဆောက်အအုံ ၁၇ခု တို့ကို ပြန်လည်ပြုပြင်ဆောက်လုပ် လှူဒါန်းပေးထားပြီးဖြစ်ပြီး ဘိုကလေး မြို့နယ် မုန်တိုင်းဒဏ်ခံ ကျေးရွာများ အခြေတကျပြန်လည်နေထိုင်နိုင်အောင် လယ်ထွန်စက်များနှင့် မျိုးစပါးများကို ပံ့ပိုးလှူဒါန်းလျက်ရှိသည့်အပြင်HTOO Trading Co.,Ltd. နှင့် Air Bagan Co.,Ltd. တို့မှ စေတနာ့ဝန်ထမ်းများ က လယ်ယာများကိုဝိုင်းဝန်းထွန်ယက် စိုက်ပျိုးပေးပြီးရိတ်သိမ်းပြီးစီးသည်အထိ ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍လည်း ဘိုကလေးမြို့ ပေါ်ရှိ မုန်တိုင်းကြောင့် ပြိုကျပျက်စီး သွားခဲ့သည့်သဒ္ဓမ္မဟိတကာရီဘုန်းကြီး ကျောင်းအပါအဝင် ဘိုကလေး မြို့မ ဈေး၊ ကျေးရွာစာသင်ကျောင်း ၈၈ ကျောင်းတို့ကို ဆက်လက်ပြုပြင်ပေး လျက်ရှိသည်။ ထို့ပြင်နေ့စဉ် စက်လှေ များဖြင့် မုန်တိုင်းဒဏ်ခံ ကျေးရွာများ သို့သွားရောက်ကာ ဆန်၊ ဆီ၊ ဆေးဝါး၊ သောက်ရေသန့်နှင့်လိုအပ်သောပစ္စည်း များကို ပေးပို့လှူဒါန်းလျက်ရှိသည့် အပြင်စေတနာ့ဝန်ထမ်း ဆရာဝန်များ ဖြင့်လည်း ကျန်းမာရေး စောင့်ရှောက် မှုများပြုလုပ်ပေးလျက်ရှိကြောင်း သိရ သည်။ (ကြေးမုံ)

# မုန်တိုင်းဒဏ်ခံရသော ကျောင်းအတွက် အထောက်အပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း

**ရန်ကုန် ဇွန် ၁၀**

မြောက်ဥက္ကလာပမြို့နယ်၊ (င)ရပ် ကွက်ရှိ မုန်တိုင်းဒဏ် ခံရသော အမှတ်(၈) အခြေခံပညာမူလတန်း ကျောင်းသို့အထောက်အပံ့အလှူပစ္စည်း များ ပေးအပ်လှူဒါန်းပွဲကို ဇွန် ၇ရက် က အဆိုပါကျောင်း ငမိုးရိပ်ခန်းမ ဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင်အခမ်းအနားမှူး အဖြစ်ဦးကြည်ဦးသိန်းက ဆောင်ရွက် ပြီးသဘာပတိကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်မူ၊မိဘဆရာအသင်းဥက္ကဋ္ဌ ဦးသိန်းလွင်၊ မြို့နယ်ပညာရေးမှူး ဦးစိန်ဝင်းနှင့်ရပ်ကွက်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းဝင်းတို့က အမှာစကား ပြော ကြားကြသည်။

လှူဒါန်းပွဲတွင် အလှူရှင်များဖြစ် ကြသော ၁၉၈၂-၈၈/ ၉၉ ဥပဒေ ကျောင်းသားဟောင်းများ အသင်း အတွင်းရေးမှူး ဒေါ်နှင်းနှင်းအေး လှူဒါန်းသော သွပ် ၅၅ ချပ်ကို ကျောင်းအုပ်ဆရာမကြီးက လည်း ကောင်း၊ ထွန်းသော်တာ ကုမ္ပဏီ လီမိတက်မှwhite board ၁၂ ချပ်၊ ဆော့ပင် ၆၀၊ ဘောဖျက် ၂၄ ခု၊ မင်အိုး ၂၄ လုံးနှင့် Universal Navi- gation Pte-Ltd (UNPL) မှ သွပ်

အချပ် ၁၀၀ တို့ကို အဆိုပါ ကုမ္ပဏီ မှ လူထုဆက်ဆံရေးအရာရှိ ဦးရန် ကျော်နှင့်ရုံးအဖွဲ့အတွင်းရေးမှူးဒေါ်မိုး စန္ဒာမျိုးဦးတို့က လှူဒါန်းရာ ကျောင်း အကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးဘ တင့်ဆွေကလည်းကောင်း **(အပေါ်ပုံ)**၊ ဦးလှတင်မိသားစုမှ သွပ် အချပ်၂၀၊ ဦးနိုင်ဝင်းဦး- မနီလာထွန်း၊ သား မောင်အောင်ခန့်မင်းတို့ကကွန်ပျူတာ တစ်စုံတို့ကို လှူဒါန်းရာ မိဘဆရာ အသင်းဥက္ကဋ္ဌ ဦးသိန်းလွင်က လည်း ကောင်းလက်ခံရယူပြီးဂုဏ်ပြုမှတ်တမ်း လွှာများပြန်လည်ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အလှူရှင်များသို့ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးဘတင့်ဆွေက ကျေးဇူးတင်စကား ပြောကြားပြီး သဘာပတိက နိဂုံးချုပ် အမှာစကားပြောကြားကာ အခမ်း အနားကို ရုပ်သိမ်းလိုက်သည်။ (၆၇)

## အမှာစကား ပြောကြား

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း တြိဂံဒေသတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ပြည်နယ်အဆင့် ဌာနဆိုင်ရာများအား အမှာစကားပြောကြားစဉ်။**

(သတင်းစဉ်)

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့်တွေ့ဆုံ

နေပြည်တော် ဇွန် ၁၀

**ကျိုင်းတုံမြို့၌ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ဇွန် ၉ ရက် မွန်းလွဲ ၁ နာရီတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံသည်။**

ထိုသို့တွေ့ဆုံရာတွင် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က ရှမ်းပြည်နယ်(အရှေ့ပိုင်း)၏ နယ်မြေအကျယ်အဝန်း၊ လူဦးရေ၊ မိုးစပါးစိုက်ပျိုးထုတ်လုပ်မှု၊ နှစ်အလိုက်အထွက်နှုန်းတိုးတက်လာမှုနှင့် စပါးစိုက်ဧက တိုးတက်လာမှု၊ ၂၀၀၇-၂၀၀၈ ခုနှစ် အတွင်း အဓိကသီးနှံများ စိုက်ပျိုးပြီးစီးမှု၊ ဒေသဝမ်းစာဆန်နှင့်ဆီ ဖူလုံမှုအခြေအနေ၊ ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးထုတ်လုပ်မှုရော်ဘာ၊ လက်ဖက် စိုက်ပျိုးထားရှိမှုနှင့် ၂၀၀၆-၂၀၀၇-၂၀၀၈ခုနှစ်များအတွင်း ခြံစည်းရိုးကြက်ဆူဧကငါးသိန်းစိုက်ပျိုးရန် ရည်မှန်းချက်ထားဆောင်ရွက်မှု၊ဒေသ၏ ပညာရေး၊ ကျန်းမာရေး အခြေအနေများကို အကျယ်တဝင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဒေသကြီးတစ်ခုလုံးသည် အရှိန်အဟုန်ကောင်းစွာ ဖွံ့ဖြိုးတိုးတက်လာသည့်အတွက် များစွာဝမ်းမြောက်မိပါကြောင်း၊ ယခုကဲ့သို့ ဖွံ့ဖြိုးတိုးတက်လာခြင်းမှာ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ဒေသရှိပြည်သူများကတက်ညီလက်ညီ ဝိုင်းဝန်းကြိုးစားကြ၍သာ တိုးတက်လာခြင်းဖြစ်ကြောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အနေဖြင့် ဒေသကြီးတစ်ခုလုံး၏ ဒေသဆန်ဖူလုံမှု အစဉ်လာမပျက် ထိန်းသိမ်းကြပြီး စိုက်ပျိုးရေးကို ယခုထက်မက တိုးတက်ဖြစ်ထွန်းစေရန် ကြိုးစားလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေး နည်းစနစ်ကောင်းများကိုလည်း ကျေးလက်ဒေသများအထိ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန် ဆောင်ရွက်ပြီး စွမ်းအားပြည့်လုပ်ဆောင်သွားကြရန်လိုကြောင်း၊ စိုက်ပျိုးရေးဖြင့် ဒေသစီးပွားရေးကို တိုးတက်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ဒေသအတွင်း၌ သတ်မှတ်ထားသည့် စပါးထွက်စံနှုန်းကို ကျော်လွန်စိုက်ပျိုးနိုင်သည့် စိုက်ပျိုးသူဦးရေကို ယခုထက် ပိုမိုများပြားလာအောင် ဆောင်ရွက်ကြစေလိုကြောင်း။

ယခုအခါတွင် ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ဆန်စပါးစိုက်ပျိုးရေး၌ အထိုက်အလျောက်လျော့သွားသည့် မြစ်ဝကျွန်းပေါ်ဒေသများအတွက် အစားထိုးဖြည့်စွက်၍ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၏ စိုက်ပျိုးရေးကို ပိုမိုဖြစ်ထွန်းအောင်မြင်စေရန် ကြိုးစားလုပ်ကိုင် ကြစေလိုကြောင်း၊ အခြားဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့် အမျိုးသားရေးစိတ်ဓာတ်အရင်းခံဖြင့် စိုက်ပျိုးရေးအပါအဝင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၌ ဝိုင်းဝန်းကြိုးစားလုပ်ကိုင်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ဌာနဆိုင်ရာတာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြားညှိနှိုင်းဆောင်ရွက်ပေးကာ တွေ့ဆုံပွဲကိုရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ပေးအပ်လှူဒါန်း

**မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များက လေဘေးသင့်ဒေသရှိ မိဘမဲ့ကလေးများကျောင်း ဆောက်လုပ်ရန်အတွက် အလှူငွေကျပ် ၃၅သိန်းကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ကျော်မြင့်နှင့် တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းစဉ်။** (လူမှုဝန်ထမ်း)

# မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က လေဘေးသင့်ဒေသရှိ မိဘမဲ့ကလေးများအတွက် ကျောင်းဆောက်လုပ်ရန် ငွေလှူဒါန်း

**ရန်ကုန် ဇွန် ၁၀**

လေဘေးသင့်ပြည်သူများအတွက် စေတနာရှင်အလှူရှင်များက အလှူငွေများ နေ့စဉ်လှူဒါန်းလျက်ရှိရာ ဇွန် ၁၀ ရက် ညနေ ၃ နာရီတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က လေဘေးသင့်ဒေသများရှိ မိဘမဲ့ကလေးများအတွက်ကျောင်းဆောက်လုပ်ရန် အလှူငွေကျပ် ၃၅သိန်းကို မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များက ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီအနီးရှိ မီးသတ်ဦးစီးဌာန(ရုံးချုပ်)မေခလာခန်းမသို့ သွားရောက်လှူဒါန်းရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်နှင့် တာဝန်ရှိသူများက လက်ခံကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၁၁-၆-၂၀၀၈ (ဗုဒ္ဓဟူးနေ့)**

**(၁၃၇၀ပြည့်နှစ်၊ နယုန်လဆန်း ၈ရက်၊ ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၂၅ | ၂။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇း၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇း၄၀ | ၄။ | မြူးမြူးကြွကြွ ယဉ်ကျေးမှုအက |
| ၈း၀၀ | ၅။ | တေးဂီတအစီအစဉ် |
| ၈း၃၀ | ၆။ | International News. |
| ၈း၄၅ | ၇။ | သီချင်းကြီးပဒေသာ |
| ၉း၀၀ | ၈။ | အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၄း၁၀ | ၂။ | ချစ်စရာ့အရွယ်ကကြိုးသွယ် |
| ၄း၂၅ | ၃။ | တီးကွက်ညွှန့် |
| ၄း၄၀ | ၄။ | တေးဂီတအစီအစဉ် |
| ၄း၅၅ | ၅။ | မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ |
| ၅း၀၅ | ၆။ | ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ |
| ၅း၁၅ | ၇။ | ရှုဖွယ်စုံလင် အာဆီယံအစီအစဉ် |
| ၅း၃၀ | ၈။ | ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင် |
| ၆း၀၀ | ၉။ | ညနေခင်းသတင်း |
| ၆း၃၀ | ၁၀။ | မိုးလေဝသအခြေအနေ |
| ၆း၃၅ | ၁၁။ | မြန်မာ့လေ့ရိုးရာလက်ဖွဲ့ |
| ၇း၀၀ | ၁၂။ | ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင် |
| ၇း၂၅ | ၁၃။ | ကမ္ဘာ့သွေးလှူရှင်များနေ့ အထိမ်းအမှတ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ |
| ၈း၀၀ | ၁၄။ | ပြည်တွင်းသတင်း |
| | ၁၅။ | နိုင်ငံတကာသတင်းများ |
| | ၁၆။ | မိုးလေဝသအခြေအနေ |
| | ၁၇။ | **မြန်မာရုပ်ရှင် "အချစ်လိုက်ရဲလား" (ဒွေး၊ထက်ထက်မိုးဦး) (ဒါရိုက်တာ-မလိခစိုးထိုက်အောင်)** |
| | ၁၈။ | မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော် |
| | ၁၉။ | အစီအစဉ်ပြီး၏။ |

# ပြည်တွင်းရှိ ပုဂ္ဂိုလ်၊ အဖွဲ့အစည်းအချို့က ၎င်းတို့ထံသို့ ပြည်ပအလှူရှင်အဖွဲ့အစည်းအချို့မှ တိုက်ရိုက်လှူဒါန်းလျက်ရှိသည့် အလှူငွေနှင့်ပစ္စည်းများကို အလွဲသုံးစား ပြုလုပ်လျက်ရှိ ပြည်သူများအနေဖြင့် အလွဲသုံးစားပြုလုပ်နေသူများအား စုံစမ်းဖော်ထုတ်ပြီး သတင်းပို့ကြရန် နှိုးဆော်

**နေပြည်တော် ဇွန် ၁၀**

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီက ၂၀၀၈ခုနှစ် မေ၁၅ရက်တွင် မည်သူမဆို လေဘေးသင့်ခံရသူများအတွက် ပြည်တွင်းပြည်ပမှလှူဒါန်းသော ငွေ၊ ပစ္စည်းများကို မရိုးမဖြောင့်သောသဘောဖြင့် ထိန်းသိမ်းထားခြင်း၊ ရောင်းဝယ်ခြင်း၊ လူပုဂ္ဂိုလ်နှင့်အဖွဲ့အစည်းများအတွက် အသုံးချခြင်း၊ အခြားကိစ္စရပ်များအတွက် အလွဲသုံးစားပြုလုပ်ခြင်းများကို တွေ့မြင်သိရှိပါက သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုနိုင်ကြောင်း၊ သတင်းရရှိပါက စုံစမ်းဖော်ထုတ်ပြီး ဥပဒေအရ ထိရောက်စွာအရေးယူသွားရန် ကြိုတင်စီမံထားရှိပြီးဖြစ်ကြောင်း အသိပေးကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ယခုအချိန်တွင် ပြည်ပမှ အလှူရှင်အဖွဲ့အစည်းအချို့သည် လေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့်ပစ္စည်းများကို ပြည်တွင်းရှိ ပုဂ္ဂိုလ်၊ အဖွဲ့အစည်းအချို့ထံသို့ တိုက်ရိုက်ပေးပို့လှူဒါန်းလျက်ရှိနေပါသည်။ ထိုသို့လှူဒါန်းရာတွင် အချို့အဖွဲ့အစည်း၊ ပုဂ္ဂိုလ်များအနေဖြင့် အလှူငွေများနှင့်ကယ်ဆယ်ရေးပစ္စည်းများကို လေဘေးသင့်ပြည်သူများထံသို့ အပြည့်အဝ ပေးပို့လှူဒါန်းခြင်းမပြုဘဲ ကိုယ်ကျိုးအတွက် အလွဲသုံးစားပြုလုပ်လျက်ရှိနေကြောင်း သိရပါသည်။

ပြည်သူများအနေဖြင့် အဆိုပါ အလွဲသုံးစားပြုလုပ်နေသူများအား စုံစမ်းဖော်ထုတ်ပြီး သတင်းပေးပို့ကြရန် သက်ဆိုင်ရာက နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# လေဘေးသင့်ဒေသများ၌ အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ အထူးအလေးထား ဆောင်ရွက်ပေးလျက်ရှိ၊ လေဘေးသင့်ဒေသများတွင် ကူးစက်ရောဂါနှင့် ကပ်ရောဂါများဖြစ်ပွားမှုမရှိ

**နေပြည်တော် ဇွန် ၁၀**

မြန်မာနိုင်ငံ၏ ဒေသအချို့၌ နာဂစ်မုန်တိုင်းကျရောက်ခဲ့ပြီးသည့် အချိန်မှစ၍ လေဘေးသင့်ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီ၏ လမ်းညွှန်ကွပ်ကဲမှုဖြင့် ကျန်းမာရေးဆပ်ကော်မတီ အတွင်းရေးမှူး ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစီးလျက် အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိပါသည်။ ကျန်းမာရေးဆပ်ကော်မတီအနေဖြင့် လေဘေးသင့်ပြည်သူများ၏ ကျန်းမာရေးအတွက် ပြုစုစောင့်ရှောက်မှု၊ ကာကွယ်ကုသမှုလုပ်ငန်းများကို အထူးအလေးထား ဆောင်ရွက်ပေးလျက်ရှိပါသည်။

ဤကဲ့သို့ ဆောင်ရွက်ရာတွင် လေဘေးသင့်ဒေသရှိ ခရိုင်၊ မြို့နယ်၊ ကျေးရွာအသီးသီး၌ မူလရှိပြီး ဖွဲ့စည်းပုံပါ ကျန်းမာရေးဝန်ထမ်းများက သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်၊ ကျေးရွာများ၌ အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ကျန်းမာရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့မှ ဆေးဝန်ထမ်းများ၊ NGO အဖွဲ့အစည်းများမှ ဆေးပညာရှင်များ အင်အား ၂၅၈၆ ဦး၊ နယ်လှည့်ဆေးရုံသင်္ဘောလေးစင်း၊ လုပ်ငန်းရှင်အဖွဲ့အသီးသီးမှ စေလွှတ်သော ဆေးအဖွဲ့များ၊ ပုဂ္ဂလိက ဆေးပညာရှင်များ၊ ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့နှင့် အခြားကျန်းမာရေးနှင့် ကယ်ဆယ်ရေးအဖွဲ့ဝင် ၃၆၀၀၀ ကျော်နှင့် ပြည်ပနိုင်ငံများမှ ဆေးအကာအကွယ်ပေးရေးအဖွဲ့ပေါင်း ၁၃ ဖွဲ့မှ အဖွဲ့ဝင် ၃၉၈ ဦးတို့သည် ကျန်းမာရေး ကုသစောင့်ရှောက်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပါသည်။

မုန်တိုင်းကြောင့် ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းအတွင်းရှိ ကျန်းမာရေးဌာနများနှင့် လေဘေးကယ်ဆယ်ရေးစခန်းများ၌ မေ ၃ရက်မှ ဇွန် ၃ရက်အထိ ပြင်ပလူနာဦးရေ ၁၈၃၄၅၀၊ အတွင်းလူနာဦးရေ ၂၂၅၈၉ဦးတို့အား ပြုစုကုသပေးနိုင်ခဲ့ပြီး ယနေ့အချိန်အထိ လေဘေးသင့်ဒေသများ၌ ကူးစက်ရောဂါနှင့် ကပ်ရောဂါဖြစ်ပွားမှု တစ်စုံတစ်ရာမရှိခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မိုးကုတ်အဖွဲ့ခွဲ (၄၈) အထူးတရားစခန်းပွဲ

**ရန်ကုန် ဇွန် ၁၀**

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏမြို့ ကောက်လျှင်လမ်း မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ (၄၈) ဓမ္မရိပ်သာကြီးတွင် ခုနက်ရက်တိုင် ဆွမ်းအလှူရှင်များဖြစ်ကြသော ဒေါ်မြသင်၊ ဒေါ်လှစိန်၊ ကိုကျော်ကျော်မိုး၊ ကိုအောင်ကျော်ဦး-မမိုးမိုး မောင်နှမတစ်စုတို့၏ အထူးတရားစခန်းပွဲကို ဇွန် ၂၀ရက်မှ ၂၆ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ယင်းတရားစခန်းပွဲတွင် ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ကျိုက္ကလော့ဆရာတော် ဒေါက်တာ စန္ဒာဝရာဘိဝံသ (ပါမောက္ခ၊ မဟာဌာနမှူး၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်) အရှင်သူမြတ်က သစ္စာလေးပါးတရားများကို ဟောကြားမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူ ယောဂီများသည် ဇွန် ၁၆ရက်နှင့် ၁၇ ရက်များတွင် စာရင်းပေးသွင်းနိုင်ကြကြောင်း သိရသည်။ (က-ပ)

# မုန်တိုင်းဒဏ်သင့် ဘိုကလေးမြို့နယ်အတွင်း ပြန်လည်တည်ဆောက်ရေးနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ခဲ့၍ မြို့အင်္ဂါရပ်နှင့်အညီ ပုံမှန်ပြန်လည်စည်ကားလျက်ရှိ

ရန်ကုန် ဇွန် ၁၀

**မုန်တိုင်းဒဏ်သင့် ဧရာဝတီတိုင်း ဘိုကလေးမြို့ ပြန်လည်တည်ဆောက်ရေးနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများကို အနီးကပ်ကြီးကြပ်ကွပ်ကဲလျက်ရှိသည့် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၏ အနီးကပ်ကြီးကြပ်မှုဖြင့် မြို့ပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို တပ်မတော်၊ ပြည်သူနှင့် ပြည်တွင်းပြည်ပမှ လူမှုရေးအသင်းအဖွဲ့များ၊ နိုင်ငံသားကုမ္ပဏီများက ကဏ္ဍအလိုက် အရှိန်အဟုန်မြှင့်ဆောင်ရွက်ခဲ့ကြရာ အစိုးရရုံးအဆောက်အအုံ ၄၀ ရှိသည့်အနက် ရာနှုန်းပြည့် ပြင်ဆင်မွမ်းမံဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။**

အလားတူ မြို့ပေါ်နှင့် ကျေးရွာ၊ ရပ်ကွက်များရှိ အဝီစိတွင်းများနှင့် ရေကန်များကိုလည်း သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် အပြီးသတ် ပြုပြင်မွမ်းမံဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မြို့မီးလင်းရေးအတွက် သစ်ပင်များ ဖယ်ရှားခြင်း၊ ဓာတ်တိုင်များ ပြန်လည်စိုက်ထူခြင်းနှင့် မီးကြိုးများ သွယ်တန်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။ အဓိက လမ်းမကြီး သုံးလမ်း၊ဖြတ်လမ်းရှစ်လမ်းနှင့်မြို့ပတ်လမ်းများကို ၁၀၀ ကေဗွီ မီးစက်ဖြင့် ညစဉ် မီးဖြန့်ဝေပေးလျက်ရှိသည်။

**ဆက်သွယ်နိုင်ပြီ**

ဆက်သွယ်ရေး ကဏ္ဍအတွက် CDMA (450) စနစ်တယ်လီဖုန်းများ တပ်ဆင်အသုံးပြုလျက်ရှိပြီး အော်တို တယ်လီဖုန်းဆက်သွယ်ရေးစနစ်လည်း ပြန်လည်ဆက်သွယ်နိုင်ပြီဖြစ်ကြောင်း သိရသည်။

**ပုံမှန်ပြန်လည်စည်ကား**

ယခုအခါ မြို့ပြန်လည်တည်ဆောက်ရေးနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ခဲ့၍ မြို့အင်္ဂါရပ်နှင့်အညီပုံမှန်ပြန်လည်စည်ကားလျက်ရှိသည်။(သတင်းစဉ်)

# ဒေးဒရဲမြို့နယ် သန့်ရှင်းသာယာလှပရေးနှင့် ပြန်လည်တည်ဆောက်ရေး ဆောင်ရွက်

ရန်ကုန် ဇွန် ၁၀

**ဧရာဝတီတိုင်း ဒေးဒရဲမြို့နယ် သန့်ရှင်းသာယာလှပရေးနှင့် ပြန်လည်တည်ဆောက်ရေးအတွက် အမှတ်(၆၆) ခြေမြန်တပ်မဌာနချုပ်မှ ယာယီနည်းဗျူဟာမှူး ဒုတိယဗိုလ်မှူးကြီးတင်မောင်ထွေး၏ ကြီးကြပ်မှုဖြင့် လက်အောက်ခံတပ်ရင်းမှ ယာယီတပ်ရင်းမှူး ဗိုလ်မှူးမျိုးထွန်းလှိုင် ဦးစီးသော အရာရှိ၊ စစ်သည်များသည် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပူးပေါင်း၍ မြို့ပေါ်ရှိ သာသနိက အဆောက်အအုံများ၊ ရုံးများ၊ ဆေးရုံနှင့် ကျောင်းများ၊ မြို့ပေါ်ရှိ ဗိုလ်ချုပ်လမ်း၊ဘုရားလမ်း၊ ကမ်းနားလမ်းနှင့် ပြည်တော်သာလမ်းတစ်လျှောက်၌ မုန်တိုင်းဒဏ်ကြောင့် လဲပြိုနေသော သစ်ပင်၊ သစ်ကိုင်းများကို အပြောင်ရှင်းစနစ်ဖြင့် ရှင်းလင်းဆောက်ရွက်ခဲ့ကြရာ ယခုအခါ မြို့အင်္ဂါရပ်နှင့်အညီ ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရှိရသည်။**

အလားတူ အမှတ်(၆၆) ခြေမြန်တပ်မဌာနချုပ် လက်အောက်ခံတပ်ရင်းမှ အရာရှိ၊ စစ်သည်များသည် မုန်တိုင်းတိုက်ခတ်ပြီး ရက်ပိုင်းအတွင်း ဒေးဒရဲမြို့ပေါ်နှင့် ကျေးရွာများမှ လေဘေးသင့်ပြည်သူများအား အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

# မုန်တိုင်းသင့်ပြည်သူများအတွက် ပြည်နယ်နှင့်တိုင်း အသီးသီးမှ ထောက်ပံ့ငွေနှင့်ပစ္စည်းများ ဆက်လက်ပေးပို့လှူဒါန်း

**နေပြည်တော် ဇွန် ၁၀**

မုန်တိုင်းသင့် ပြည်သူများအတွက် ပြည်နယ်နှင့်တိုင်း အသီးသီးမှ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ စေတနာရှင်ပြည်သူများနှင့် တပ်မတော်သားမိသားစုများက အမျိုးသားရေးစိတ်ဓာတ်အရင်းခံဖြင့် ထောက်ပံ့ငွေနှင့် ပစ္စည်းများကို ဆက်လက်ပေးပို့လှူဒါန်းလျက်ရှိရာ ကချင်ပြည်နယ်မှ စေတနာရှင်ပြည်သူများက အလှူငွေကျပ် ၄၅၈၆၇၁၁၀၊ ရှမ်းပြည်နယ် (တောင်ပိုင်း)မှ စေတနာရှင်ပြည်သူများက ငွေကျပ် ၇၃၇၀၀၀ တန်ဖိုးရှိ ငွေနှင့် ထောက်ပံ့ရေးပစ္စည်းများ၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့မှ စေတနာရှင် ပြည်သူများက ငွေကျပ် ၁၆၂၆၁၅၀ တန်ဖိုးရှိ ငွေနှင့် ထောက်ပံ့ရေးပစ္စည်းများ၊ စစ်ကိုင်းတိုင်းမှ စေတနာရှင်ပြည်သူများက ငွေကျပ် ၈၆၅၉၂၇၀ တန်ဖိုးရှိ ထောက်ပံ့ရေးပစ္စည်းများ၊ မန္တလေးတိုင်းမှ စေတနာရှင်ပြည်သူများက ငွေကျပ် ၂၅၁၁၀၀တန်ဖိုးရှိ ထောက်ပံ့ရေးပစ္စည်းများ၊ ပဲခူးတိုင်းမှ စေတနာရှင် ပြည်သူများနှင့် တပ်မတော်သားမိသားစုများကငွေကျပ် ၆၁၅၀၂၈၀၀ တန်ဖိုးရှိ စပါးတင်း ၁၅၁၀၂ တင်းနှင့် ငွေကျပ် ၆၀၁ သိန်းတန်ဖိုးရှိ ကျွဲ ၁၇၁ ကောင်၊ မကွေးတိုင်းမှ စေတနာရှင်ပြည်သူများက ငွေကျပ် ၄၂၀၀၁၄၀၄ တန်ဖိုးရှိ အဝတ်အထည်မျိုးစုံ၊ လယ်ယာသုံးပစ္စည်းမျိုးစုံနှင့် စားသောက်ကုန်ပစ္စည်းမျိုးစုံတို့ကို ပေးအပ်လှူဒါန်းကြပြီး ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေး ဆပ်ကော်မတီသို့ လာရောက်လှူဒါန်းငွေကျပ် ၂၈၆၁၅၀၀အပါအဝင်စေတနာရှင်ပြည်သူများ၏ ယနေ့ လှူဒါန်းသည့် ငွေနှင့် ထောက်ပံ့ရေးပစ္စည်းစုစုပေါင်း တန်ဖိုးမှာ ၂၂၃၆၀၆၃၃၄ ကျပ်ဖြစ်ပြီး ဇွန် ၁၀ ရက်ထိ လှူဒါန်းသည့် ငွေနှင့် ထောက်ပံ့ရေးပစ္စည်းစုစုပေါင်း တန်ဖိုးမှာ ငွေကျပ် ၁၂၁၃၆၉၉၆၂၁၀ ရှိပြီ ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

# ကျောက်တန်းမြို့နယ် လေဘေးသင့်ကျေးရွာ အိမ်ထောင်စုဝင်များအား ထောက်ပံ့ပစ္စည်းများပေးအပ်

**ရန်ကုန် ဇွန် ၁၀**

ရန်ကုန်တိုင်း စစ်ဌာနချုပ်နှင့် ရန်ကုန်တိုင်း ရဲတပ်ဖွဲ့တို့၏ ပါဝင်ကူညီမှုဖြင့် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့နှင့် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့တို့၏ စီစဉ်မှုတို့ဖြင့် ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် တံတားမြို့ ကဒပ္ပနစံပြကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှလေဘေးဒဏ်သင့် အိမ်ထောင်စုဝင်မိသားစုများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် ကဒပ္ပနကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျင်းပရာ ကျောက်တန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်မောင်ခင်နှင့် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ထားထားလှိုင်တို့ကမုန်တိုင်းဒဏ်ခံခဲ့ရမှု၊ ကယ်ဆယ်ရေးပစ္စည်းများထောက်ပံ့ပေးနိုင်ခဲ့မှုနှင့် ပြန်လည် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက်လေဘေးသင့်ကဒပ္ပနကျေးရွာမှ အိမ်ထောင်စုဝင် ၂၀၀၊ စစ်တန်းကျေးရွာမှ အိမ်ထောင်စုဝင် ၁၀၀၊ တာပကျေးရွာမှ အိမ်ထောင်စုဝင် ၁၀၀၊ စင်မကော်ကျေးရွာမှ အိမ်ထောင်စုဝင် ၁၅၀၊ ပန်းတောကျေးရွာမှ အိမ်ထောင်စုဝင် ၅၀၊ ဝင်းကြီးကျေးရွာမှ အိမ်ထောင်စုဝင် ၅၀ စုစုပေါင်း အိမ်ထောင်စု ၆၅၀တို့အား ထောက်ပံ့ပစ္စည်းငွေကျပ် ၁၅ သိန်းဖိုးကို ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မျိုးသူနှင့် တာဝန်ရှိသူများက ပေးအပ်လှူဒါန်းကြကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

# မုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် စိတ်ဓာတ်ခွန်အားဖြည့် ဖျော်ဖြေပွဲကျင်းပ

**ရန်ကုန် ဇွန် ၁၀**

မုန်တိုင်းဒဏ်သင့် ပြည်သူများအား စိတ်ဓာတ်ခွန်အား ဖြည့်တင်းမှု လှူဒါန်းပွဲအဖြစ် ကွမ်းခြံကုန်းမြို့နယ် ရေတိမ်ကျေးရွာတွင် ဇွန် ၈ ရက် ညနေပိုင်းက The Action Times Foundation Counselling Project ၏ စီစဉ်မှုဖြင့် ကျင်းပရာ ရုပ်ရှင်သရုပ်ဆောင်၊ အဆိုတော်၊ အနုပညာရှင်များဖြစ်ကြသော လင်းဇာနည်ဇော်၊ ဟဲလေး၊ ဝေလျှံ၊ ဒီယံ၊ စုချစ်ဇော်၊ ခိုင်ဇာသွေး၊ မျက်လှည့်ပညာရှင် မစ္စတော့ပ်၊ ဂီတပညာရှင် မျိုးမင်းလတ်၊ စိုးမြင့်အောင်နှင့် အစီအစဉ်မှူးအဖြစ် သရုပ်ဆောင် ပွင့်တို့က ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ရေတိမ်ကျေးရွာရှိ လေဘေးသင့် ပြည်သူများအတွက် ဆန်၊ ဆီ၊ စောင်၊ ရေသန့်၊ ခေါက်ဆွဲခြောက်၊ စားစရာများနှင့် အဝတ်အထည်များလှူဒါန်းခဲ့ကြောင်းသတင်းရရှိသည်။ **(အောက်ပုံ)** (ကြေးမုံ)

### ပေးအပ်လှူဒါန်း

**ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေ ကျောက်တန်းမြို့နယ် လေဘေးသင့်ကျေးရွာများမှအိမ်ထောင်စုဝင်မိသားစုများအား ထောက်ပံ့ရေးပစ္စည်းများ လက်ဝယ်အရောက် ပေးအပ်လှူဒါန်းစဉ်။**
(သတင်းစဉ်)

**ဇွန် ၇ရက်က ကြည့်မြင်တိုင်မြို့နယ် ရဲတပ်ဖွဲ့ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် တပ်ဖွဲ့ဝင်မိသားစုများ၏ သား၊ သမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲအခမ်းအနားတွင် ကြည့်မြင်တိုင်မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမြတ်လင်းက ကျောင်းသား၊ ကျောင်းသူများအတွက် စာရေးကိရိယာ၊ ကျောင်းဝတ်စုံများနှင့် ပညာသင် စရိတ် ထောက်ပံ့ကြေးငွေကျပ် နှစ်သိန်း ပေးအပ်စဉ်။**
(သတင်းစဉ်)

# ဥပဒေနှင့်အညီသာဖြစ်သည်

**ကျော်ရဲမင်း**

နိုင်ငံတော်အစိုးရတစ်ရပ်ဟာ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲဖို့၊ နိုင်ငံရဲ့ လွတ်လပ်ရေးကို ကာကွယ်ထိန်းသိမ်းဖို့ တာဝန်ရှိသလို ပြည်သူလူထုရဲ့ အေးချမ်းသာယာမှုနဲ့ တရားဥပဒေစိုးမိုးမှုကို ထိန်းသိမ်းပေးဖို့လည်း တာဝန်ရှိပါတယ်။ ဒီတာဝန်တွေကို ထမ်းဆောင်နိုင်ဖို့အတွက် လိုအပ်တဲ့ဥပဒေတွေကို ပြဋ္ဌာန်းရပါတယ်။ ဒီဥပဒေတွေကို ချိုးဖောက်လာတဲ့သူတွေကို ပြစ်မှုအကြောင်းအရာပေါ် မူတည်ပြီး အပြစ်ပေးအရေးယူရပါတယ်။ ဒီလို ဥပဒေတွေ ပြဋ္ဌာန်းရာမှာလဲ ပြစ်မှုကျူးလွန်ပြီးမှ အရေးယူရတဲ့ ဥပဒေတွေရှိသလို အချို့ဥပဒေများကျတော့လဲ မဖြစ်ခင်က ကြိုတင်ကာကွယ်တားဆီးနိုင်ဖို့အတွက် ပြဋ္ဌာန်းရတာတွေလဲ ရှိပါတယ်။

အဲဒီလို ဥပဒေတွေကို ပြဋ္ဌာန်းရတာ၊ ဥပဒေနဲ့အညီ အရေးယူရတာတွေဟာလဲ ဘယ်သူ့ကိုသာစေ၊ ဘယ်သူ့ကိုနာစေဆိုတဲ့ သဘောမျိုးမဟုတ်ဘဲ နိုင်ငံတော်နဲ့ ပြည်သူလူထုအားလုံးရဲ့ အကျိုးစီးပွားကို ရှေးရှုပြီး ဆောင်ရွက်ရတာသာဖြစ်ပါတယ်။ မိဘနဲ့ သားသမီးလိုပါပဲ။ တစ်ခါတစ်လေ မဖြစ်သင့်တာတွေ မဖြစ်အောင် ဟိုနေရာမသွားနဲ့၊ ဒါကိုမစားနဲ့ဆိုပြီး တားရ၊ ဆီးရသလို တစ်ခါတလေကျတော့လဲ ဖြစ်လာမှ ဆူရ၊ ပူရ၊ အပြစ်ပေးရတာလဲ ရှိတာပေ့ါ။

ဒီလိုပါပဲ၊ နိုင်ငံရဲ့ အချုပ်အခြာအာဏာကို ကာကွယ်ထိန်းသိမ်းဖို့၊ ပြည်သူတွေအတွက် အေးချမ်းသာယာရေးနဲ့ တရားဥပဒေစိုးမိုးရေးကို ကာကွယ်ထိန်းသိမ်းဖို့ ဆောင်ရွက်တဲ့အခါမှာ ပြစ်မှုကျူးလွန်မှ အရေးယူရတာရှိသလို ပြစ်မှုမဖြစ်ခင်က ကြိုတင်ကာကွယ်တဲ့အနေနဲ့ ဟန့်တားနိုင်ဖို့၊ တားဆီးနိုင်ဖို့ လုပ်ရတာတွေလဲ ရှိပါတယ်။ ဒါကလဲ သဘာဝကျပါတယ်။ တကယ်လို့ အဖွဲ့အစည်းတစ်ခု၊ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်က နိုင်ငံတော်ကို ကြီးမားတဲ့ ထိခိုက်နစ်နာမှုကြီးဖြစ်အောင် ကြံစည်နေတယ်၊ ကျူးလွန်ဖို့ ကြိုးစားနေတယ်ဆိုပါတော့။ ဒါကို သာမန်ရာဇဝတ်မှုတစ်ခုလို သဘောထားပြီး ကျူးလွန်ပြီးမှ၊ စပြီးလုပ်မှ အထောက်အထားနဲ့ အရေးယူမလား။ ဒါဟာ လူတစ်ဦးတစ်ယောက်နဲ့သာ ပတ်သက်တာမဟုတ်ဘူး။ နိုင်ငံတော်ရဲ့ လုံခြုံရေး၊ ပြည်သူလူထုအားလုံးရဲ့ အသက်အိုးအိမ်စည်းစိမ်နဲ့ ပတ်သက်နေတဲ့ကိစ္စပါ။ သူခိုးတစ်ယောက်ကို ခိုးဖို့ အိမ်ထဲဝင်တဲ့အထိ စောင့်ပြီးမှ ဖမ်းမှာလား။ တကယ်တော့ သာမန်ရာဇဝတ်ဥပဒေတွေမှာတောင် ဒီလိုလုပ်လေ့ရှိသူတွေကို ကြိုတင်ကာကွယ်တဲ့ ခြေချုပ်ထားတာတို့၊ နယ်နှင်တာတို့လုပ်တဲ့ ဥပဒေတွေ ရှိပါတယ်။ နိုင်ငံတော်နဲ့ ပြည်သူလူထုတစ်ရပ်လုံးနဲ့ ပတ်သက်တဲ့ကိစ္စများမှာတော့ ဒီလို ကြိုတင်ကာကွယ်မှုလုပ်ဖို့ ပိုပြီး လိုအပ်တယ်ဆိုတာ ထင်ရှားပါတယ်။

ကျွန်တော်တို့ နိုင်ငံမှာလဲ နိုင်ငံတော်နဲ့ ပြည်သူတွေကို အကာအကွယ်ပေးတဲ့ ဥပဒေတွေရှိပါတယ်။ အဲဒီအထဲက တစ်ခုကတော့ ၁၉၇၅ ခုနှစ် နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပါပဲ။ အဲဒီဥပဒေပုဒ်မ ၇ မှာ အောက်ပါအတိုင်း ဖော်ပြထားပါတယ်-

**"နိုင်ငံသားတစ်ဦးဦးသည် နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် နိုင်ငံတော်လုံခြုံရေးကိုဖြစ်စေ၊ အများပြည်သူတို့၏ အေးချမ်းသာယာရေးကိုဖြစ်စေ၊ ထိပါးအန္တရာယ်ဖြစ်စေမည့် ပြုလုပ်မှုတစ်ခုခုကို ပြုလုပ်ခဲ့သည် သို့မဟုတ် ပြုလုပ်နေသည် သို့မဟုတ် ပြုလုပ်တော့မည်ဟု ယုံကြည်လောက်သောအကြောင်းရှိလျှင် ဝန်ကြီးအဖွဲ့သည် ယင်းပုဂ္ဂိုလ်၏ မူလအခွင့်အရေးတစ်ရပ်ရပ်ကို လိုအပ်သလို ကန့်သတ်မိန့် ချမှတ်နိုင်သည်။"**

ဒါကြောင့် ဘယ်သူမဆို ဒီပြဋ္ဌာန်းချက်ပါ **အချက်တွေကို လုပ်ဆောင်လာရင် ဒီဥပဒေနဲ့အညီ အရေးယူခံရမှာပဲ။ ဘယ်သူဖြစ်လို့၊ ဘယ်ဝါဖြစ်လို့ အရေးယူတယ်ဆိုတာမျိုး မဟုတ်ပါဘူး။ အဲဒီလိုအရေးယူတဲ့အခါမှာတော့ ဝန်ကြီးအဖွဲ့ရဲ့ကိုယ်စား ဗဟိုအဖွဲ့ဆိုတာကို ဖွဲ့စည်းထားပါတယ်။ ဒီတော့ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်က နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာနဲ့ လုံခြုံရေးကိုဖြစ်စေ၊ ပြည်သူလူထုရဲ့ အေးချမ်းသာယာမှုကိုဖြစ်စေ ထိပါးနှောင့်ယှက်တယ်၊ ဒါမှမဟုတ် ထိပါးနှောင့်ယှက်မယ်လို့ ယုံကြည်ရရင် ဗဟိုအဖွဲ့အနေနဲ့ အောက်ပါအတိုင်း ဆောင်ရွက်ခွင့်ရှိတယ်ဆိုပြီး ပုဒ်မ ၁၀ မှာ ပြဋ္ဌာန်းထားပါတယ်-**

**(က) အရေးယူခြင်းခံရသူအား တစ်ကြိမ်လျှင် ရက်ပေါင်းခြောက်ဆယ်ထက် မပိုစေဘဲ စုစုပေါင်း ရက်တစ်ရာ့ရှစ်ဆယ်အထိ ဖမ်းဆီးချုပ်နှောင်ထားနိုင်ခြင်း။**

**(ခ) အရေးယူခြင်းခံရသူအား တစ်နှစ်အထိ တားဆီးမှုပြုလုပ်နိုင်ခြင်း။**

**ဒါက ဗဟိုအဖွဲ့ရဲ့ လုပ်ပိုင်ခွင့်ပါ။ တကယ်လို့ ဗဟိုအဖွဲ့ဟာ အရေးယူခြင်းခံရသူကို ဆက်လက်ဖမ်းဆီးချုပ်နှောင်ထားဖို့ လိုအပ်တယ်ဆိုရင်၊ ဒါမှမဟုတ် သတ်မှတ်ကာလထက်ကျော်လွန်ပြီး ဆက်လက်တားဆီးမှုပြုလုပ်ထားဖို့ လိုအပ်တယ်ဆိုရင် ဝန်ကြီးအဖွဲ့ရဲ့ ကြိုတင်ခွင့်ပြုချက်ကိုရယူဖို့ လိုပါတယ်။ ဗဟိုအဖွဲ့က အဲဒီလိုတင်ပြတောင်းခံလာတဲ့အခါမှာ ဝန်ကြီးအဖွဲ့အနေနဲ့ ဆက်လက်ဖမ်းဆီးချုပ်နှောင်ဖို့ဖြစ်စေ၊ ဆက်လက် တားဆီးမှု ပြုလုပ်ဖို့ဖြစ်စေ ကြိုတင်ခွင့်ပြုချက်ပေးရာမှာ တစ်ကြိမ်လျှင် ရက်ပေါင်းတစ်နှစ်ထက် မပိုစေဘဲ စုစုပေါင်း ၅ နှစ်အထိ ခွင့်ပြုနိုင်ပါတယ်။**

**ဒါကြောင့် ၁၉၇၅ ခုနှစ် နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေအရ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို တားဆီးမှု ပြုလုပ်မယ်ဆိုရင် ဗဟိုအဖွဲ့အနေနဲ့ တစ်နှစ်တားဆီးထားနိုင်ပြီး ဆက်လက်တားဆီးဖို့လိုမယ်ဆိုရင် ဝန်ကြီးအဖွဲ့အနေနဲ့ နောက်ထပ်ငါးနှစ်အထိ ခွင့်ပြုချက်ပေးနိုင်တာကို တွေ့ရမှာပါ။ ဒါကို ဥပဒေမှာ တိတိကျကျ ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။**

ဒါကို အကျယ်ချဲ့ပြောနေရတာကလဲ ဒီနေ့ဒီအချိန်မှာ ဆန့်ကျင်ဘက်အဖွဲ့အသီးသီးက ကိုယ့်ကိုယ်ကိုယ် ဥပဒေပညာရှင်လို့ အမည်ခံထားတဲ့ အကောင်းစားပုဂ္ဂိုလ်များက နိုင်ငံတော်က တားဆီးမှု ပြုလုပ်ထားခြင်းခံထားရတဲ့ ပုဂ္ဂိုလ်တစ်ချို့နဲ့ ပတ်သက်ပြီး ဒီလိုတားဆီးထားတာဟာ ဥပဒေနဲ့မညီဘူး၊ တားဆီးခွင့်ရှိတဲ့ ကာလထက်ကျော်နေပြီစသည်ဖြင့် မဟုတ်တမ်းတရမ်း ပြောဆိုတာတွေကြားလာရလို့ပါ။ ဒီလိုအဖွဲ့အစည်းတွေ၊ ပုဂ္ဂိုလ်တွေပြောသမျှကို အမွှမ်းတင် ဖြန့်ချိပေးလေ့ရှိတဲ့ ပြည်ပမီဒီယာများကလဲ ဒီအကြောင်းအရာကိုပဲ ထပ်ခါတလဲ ပြောနေတာတွေလဲ ကြားရပါတယ်။

တကယ်တော့ နိုင်ငံတော်အစိုးရရဲ့ လုပ်ဆောင်ချက်တွေကို ပြန်ကြည့်ရင် စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်နိုင်ဖို့အတွက် မူဝါဒလမ်းစဉ် ၇ ရပ်ကို အကောင်အထည်ဖော်နေတဲ့အချိန်မှာ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးကို ရှေးရှုပြီး ဆန့်ကျင်ဘက်အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များအပေါ် တတ်နိုင်သမျှ စိတ်ရှည်သည်းခံပြီး ကိုင်တွယ်ဆောင်ရွက်နေတာကို တွေ့ရမှာပါ။ သတင်းစာရှင်းလင်းပွဲတွေမှာ အချို့သော ပါတီအဖွဲ့အစည်းတွေ၊ ပုဂ္ဂိုလ်တွေအနေနဲ့ သက်ဆိုင်ရာ ပါတီအဖွဲ့အစည်းကို ဖျက်သိမ်းတဲ့အထိ၊ နှစ်ရှည်ထောင်ဒဏ်များ ချမှတ်နိုင်တဲ့အထိ ကြီးမားတဲ့ပြစ်မှုတွေကို ကျူးလွန်ခဲ့တဲ့ လူသက်သေ၊ ပစ္စည်းသက်သေ အထောက်အထားများ ခိုင်ခိုင်မာမာရရှိထားပေမယ့် နိုင်ငံတော်အပိုင်းက အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးကို ရှေးရှုပြီး စိတ်ရှည်သည်းခံစွာနဲ့ ကိုင်တွယ်နေတယ်ဆိုတာကို တာဝန်ရှိသူများက အကြိမ်ကြိမ် ရှင်းလင်းပြောကြားခဲ့ပြီးဖြစ်ပါတယ်။

တကယ်တော့ အခုတားဆီးမိန့်ထုတ်ခံထားရတဲ့ပုဂ္ဂိုလ်များဟာ နိုင်ငံတော်ကို လက်နက်စွဲကိုင်တိုက်ခိုက်နေတဲ့ အကြမ်းဖက် သောင်းကျန်းသူတွေကို နေအိမ်မှာ လက်ခံထားတာ၊ စာပေးစာယူ အဆက်အသွယ်လုပ်တာ၊ အကြမ်းဖက်အဖွဲ့အစည်းတွေနဲ့ နိုင်ငံခြားအစိုးရများထံက ငွေကြေးပစ္စည်းများကို လက်ခံရယူပြီး နိုင်ငံတော်ရဲ့ လုံခြုံရေးကို ထိခိုက်စေမယ့် လုပ်ရပ်တွေအစဉ်တစိုက် လုပ်ဆောင်တာ စတာတွေ ဆောင်ရွက်ခဲ့တဲ့သူတွေပါ။ အမှန်ကတော့ ကျောင်းပေါ်ခေါ်ပြီး ကြိမ်နဲ့ မှတ်လောက်သားလောက်အောင် ဆော်ရမယ့် လူဆိုးလေးတွေပါဗျာ။ ဒါပေမယ့် မိဘနဲ့တူတဲ့ နိုင်ငံတော်အစိုးရအနေနဲ့ မဖြစ်သင့် မဖြစ်ထိုက်တာတွေ မဖြစ်ရအောင်၊ နောင်ဒီလိုပြစ်မှုတွေ ထပ်မံကျူးလွန်လို့မရအောင်ဆိုပြီး နေအိမ်မှာ တားဆီးအမိန့် ထုတ်ပြန်ထားရတာပါ။

တကယ်တော့ အခုလို နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်ဖို့အတွက် လိုအပ်တဲ့ ဥပဒေတွေကို ပြဋ္ဌာန်းတာဟာ မြန်မာနိုင်ငံတစ်ခုတည်း မဟုတ်ပါဘူး။ မိမိနိုင်ငံရဲ့ အခြေအနေအရ နိုင်ငံတော်လုံခြုံရေးကို ကာကွယ်ဖို့၊ ပြည်သူလူထုရဲ့ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ဖို့ လိုအပ်လာရင် ဘယ်နိုင်ငံမှာမဆို ဒီလိုပဲ ပြဋ္ဌာန်းကြရတာပါပဲ။ ဒီလိုပဲ မူလအခွင့်အရေးတွေကို ကန့်သတ်တာ၊ တားဆီးတာ လုပ်ကြရတာပါပဲ။

**မလေးရှားနိုင်ငံမှာဆိုရင် ပြည်တွင်း လုံခြုံရေးဥပဒေဆိုတာ ပြဋ္ဌာန်းထားပါတယ်။ ဒီဥပဒေအရ မလေးရှားနိုင်ငံရဲ့ လုံခြုံရေးနဲ့ အကျိုးစီးပွားကို ထိခိုက်အောင်လုပ်တဲ့သူ၊ လုပ်မယ်လို့ ယုံကြည်ရသူတွေကို ရဲအရာရှိက ရုံးတင်တရားစွဲဆိုခြင်းမပြုဘဲ ရက်ပေါင်းခြောက်ဆယ် ဖမ်းဆီးချုပ်နှောင်ထားနိုင်တယ်။ ရက်ပေါင်းခြောက်ဆယ်ကျော်ရင် ပြည်ထဲရေးဝန်ကြီးရဲ့ ခွင့်ပြုချက်နဲ့ နှစ်နှစ်အထိ ချုပ်နှောင်ထားနိုင်တယ်။ နောက်ထပ် ဆက်လက်ချုပ်နှောင်ဖို့ လိုရင် ပြည်ထဲရေးဝန်ကြီးက တစ်ကြိမ်လျှင် နှစ်နှစ်ထက်မပိုဘဲ ထပ်ထပ်ပြီး သက်တမ်းတိုးပေးနိုင်တယ်လို့ လေ့လာတွေ့ရှိရပါတယ်။**

**စင်ကာပူနိုင်ငံမှာလဲ ဒီလို ပြည်တွင်းလုံခြုံရေးဥပဒေကို ပြဋ္ဌာန်းထားပါတယ်။ စင်ကာပူနိုင်ငံရဲ့ဥပဒေက မလေးရှားမှာလိုပဲ နှစ်နှစ်ထိန်းသိမ်းထားပြီး နောက်ထပ် တစ်ကြိမ်လျှင် နှစ်နှစ်ထက်မပိုစေဘဲ ထပ်ထပ်ပြီး သက်တမ်းတိုးလို့ရပါတယ်။ စင်ကာပူနိုင်ငံမှာ Barisan Sosialis ဆိုတဲ့ နိုင်ငံရေးအဖွဲ့အစည်းက Chia Thye Poh ဟာ ဒီဥပဒေအရ နှစ်ပေါင်း ၃၂နှစ်ထိ ထိန်းသိမ်းခံထားခဲ့ရဖူးပါတယ်။**

**တစ်ဦးချင်းလွတ်လပ်ခွင့်ကို အင်မတန်မှ အလေးထားပါတယ်ဆိုတဲ့ အမေရိကန်နိုင်ငံမှာတောင် စက်တင်ဘာ ၁၁ရက်နေ့ အကြမ်းဖက်တိုက်ခိုက်မှုကြီးဖြစ်ပွားပြီးတဲ့အခါ အကြမ်းဖက်သမားများရဲ့ နောက်ထပ် တိုက်ခိုက်မှုကနေ ကာကွယ်နိုင်ဖို့အတွက် Patriot Act လို့ခေါ်တဲ့ အကြမ်းဖက်တိုက်ခိုက်မှုမှ ကာကွယ်နိုင်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့တာပါ။ ဒီဥပဒေအရ တရားဥပဒေစိုးမိုးရေးကို ဆောင်ရွက်နေတဲ့**

စာမျက်နှာ ၇ ကော်လံ ၁ သို့

> "ဘယ်နိုင်ငံမဆို မိမိနိုင်ငံရဲ့ လုံခြုံရေးကို ထိပါးလာမယ်ဆိုရင် လိုအပ်တဲ့ အရေးယူမှုတွေ ပြုလုပ်ရတာပါပဲ။ ဒီလိုလုပ်တဲ့အခါမှာလဲ အများပြည်သူရဲ့ အကျိုးအတွက်၊ နိုင်ငံရဲ့ အကျိုးစီးပွားအတွက် တစ်ဦးတစ်ယောက်ရဲ့ မူလအခွင့်အရေး (Right)တွေကို မလွှဲမရှောင်သာ ကန့်သတ်ရတာတွေ၊ ထိန်းချုပ်ရတာတွေ ရှိတာပါပဲ။"

စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

**အဖွဲ့အစည်းတွေအနေနဲ့ တယ်လီဖုန်းကြားဖြတ်နားထောင်ခွင့်၊ လူတစ်ဦးချင်းရဲ့ ကိုယ်ရေးအချက် မှတ်တမ်းများ၊ ဘဏ်စာရင်းများကို တရားရုံးခွင့်ပြုချက်မလိုဘဲ လျှို့ဝှက်ရယူခွင့်၊ ပြည်နှင်ဒဏ်ပေးခွင့်၊ အချိန်အကန့်အသတ်မရှိ ထိန်းသိမ်းထားခွင့် စတဲ့ လုပ်ပိုင်ခွင့်တွေ အများအပြားရရှိခဲ့ပါတယ်။ ဒီလုပ်ပိုင်ခွင့်တွေဟာ ပုဂ္ဂလိက လွတ်လပ်ခွင့်တွေကို ကန့်သတ်လိုက်တာပဲဖြစ်ပါတယ်။ ဒါပေမယ့်လဲ အမေရိကန်လွှတ်တော်နဲ့ ပြည်သူများက ဒီလိုလုပ်ဆောင်ရတာဟာ အမျိုးသားအကျိုးစီးပွားအတွက်ဖြစ်တာကြောင့် လက်ခံခဲ့ပါတယ်။ ဒီလိုပါပဲ ဒီမိုကရေစီဘိုးအေ နိုင်ငံကြီးဖြစ်တဲ့ ဗြိတိန်နိုင်ငံဟာလဲ စက်တင်ဘာ ၁၁ရက်နေ့ တိုက်ခိုက်မှုကြီးနောက်ပိုင်းမှာ Anti-Terror Law ဆိုတာကို ပြဋ္ဌာန်းပြီး အကြမ်းဖက်သမားများကိုသာမက ၎င်းတို့နဲ့ ဆက်နွှယ်သူများ၊ အကူအညီပေးသူများကိုပါ ထိထိရောက်ရောက် အရေးယူနိုင်ဖို့အတွက် ရုံးတင်တရားစွဲဆိုခြင်းမပြုဘဲ ကာလကြာရှည်စွာ ထိန်းသိမ်းထားနိုင်ခွင့် အပါအဝင် လုပ်ပိုင်ခွင့်အများအပြားကို ရဲတပ်ဖွဲ့ကို ပေးအပ်ခဲ့ပါတယ်။**

**တကယ်တော့ ဘယ်နိုင်ငံမဆို မိမိနိုင်ငံရဲ့ လုံခြုံရေးကို ထိပါးလာမယ်ဆိုရင် လိုအပ်တဲ့ အရေးယူမှုတွေ ပြုလုပ်ရတာပါပဲ။ ဒီလိုလုပ်တဲ့အခါမှာလဲ အများပြည်သူရဲ့ အကျိုးအတွက်၊ နိုင်ငံရဲ့ အကျိုးစီးပွားအတွက် တစ်ဦးတစ်ယောက်ရဲ့ မူလအခွင့်အရေး (Right) တွေကို မလွှဲမရှောင်သာ ကန့်သတ်ရတာတွေ၊ ထိန်းချုပ်ရတာတွေ ရှိတာပါပဲ။ အခု ဥပမာပေးတဲ့ နိုင်ငံတွေအပြင် ကျန်နိုင်ငံတွေမှာလဲ မိမိတို့ နိုင်ငံအခြေအနေ၊ ရင်ဆိုင်နေရတဲ့ အန္တရာယ်တွေအပေါ် မူတည်ပြီး နိုင်ငံလုံခြုံရေးကို ကာကွယ်နိုင်ဖို့ လိုအပ်တဲ့ဥပဒေတွေကို ပြဋ္ဌာန်းထားရတာပါပဲ။ လူတစ်ဦးချင်း လွတ်လပ်ခွင့်၊ ရပိုင်ခွင့်ဆိုတာတွေကို အလေးထားကြတာမှန်ပေမယ့် ဒီအခွင့်အရေးတွေကို အလွဲသုံးစားလုပ်ပြီး နိုင်ငံနဲ့လူမျိုးကို အန္တရာယ်ပြုတာ၊ အန္တရာယ်ပြုဖို့ ကြိုးစားတာကိုတော့ ဘယ်သူကမှ လက်ပိုက်ကြည့်နေမှာ မဟုတ်ပါဘူး။**

အခု ကျွန်တော်တို့နိုင်ငံမှာ ပါတီအဖွဲ့အစည်းတချို့နဲ့ ပုဂ္ဂိုလ်တချို့က ဒီမိုကရေစီတို့၊ လူ့အခွင့်အရေးတို့ကို လူကြားကောင်းအောင် ပြောရင်း နိုင်ငံအချုပ်အခြာအာဏာနဲ့ လွတ်လပ်ရေးဆုံးရှုံးအောင်၊ တည်ငြိမ်မှုနဲ့ တရားဥပဒေစိုးမိုးမှု ပျက်ပြားအောင် နည်းလမ်းမျိုးစုံနဲ့ ကြိုးစားခဲ့ကြ၊ ကြိုးစားနေကြဆဲဖြစ်ပါတယ်။ ဒီလိုလုပ်ဆောင်လာတဲ့သူတွေကို နိုင်ငံတော်အစိုးရက တတ်နိုင်သမျှ ညင်ညင်သာသာနဲ့ ကိုင်တွယ်ထိန်းသိမ်းဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ဒီအထဲမှာ အထက်ကပြောခဲ့သလိုပဲ အင်မတန်ကြီးလေးတဲ့ ပြစ်ဒဏ်တွေ ချမှတ်နိုင်တဲ့ ပြစ်မှုကြီးတွေကျူးလွန်ခဲ့တာတောင် သည်းခံပြီး အနည်းဆုံးလိုအပ်တဲ့ တားဆီးကန့်သတ်မှုတွေ၊ ထိန်းချုပ်မှုတွေပဲလုပ်ခဲ့တာပါ။ ဒီလိုလုပ်တဲ့အခါမှာလဲ တရားဥပဒေနဲ့အညီ ဥပဒေက ခွင့်ပြုထားတဲ့ အတိုင်းအတာအတွင်းမှာပဲ လုပ်ဆောင်နေတယ်ဆိုတာ ထင်ထင်ရှားရှား တွေ့နိုင်ပါတယ်။

အဲဒီတော့ ကိုယ်ကလဲ ဥပဒေချိုးဖောက်သေးတယ်၊ ပြီးတော့ ဥပဒေအရ အရေးယူခံရတော့ မတရားဘူး၊ ဥပဒေနဲ့ မညီဘူးလို့ သံကုန်ဟစ်နေသေးတယ်။ အဲဒါမှန်ရဲ့လားလို့ ပြန်စဉ်းစားဖို့ ကောင်းပါတယ်။ တကယ်တော့ အခုလို အရေးယူတာတွေ၊ တားဆီးကန့်သတ်တာတွေ မခံချင်ရင်တော့ ရှင်းပါတယ်။ ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာဆိုသလိုပဲ ဥပဒေအတွင်းကပဲ နိုင်ငံနဲ့ လူမျိုးအကျိုးကို ဝိုင်းဝန်းပူးပေါင်း ထမ်းဆောင်ကြပါလို့ပဲ တိုက်တွန်းချင်ပါတယ်။ ။

ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏ ရန်ကုန်သစ်ရပ်ကွက် စံရိပ်ငြိမ်ကျောင်းတိုက် အနန္တဂုဏ်ရည် သိမ်တော်မြတ်အတွက် သင်္ဃန်းကျွန်း မလိခအိမ်ရာ တိုက်(၉)နေ ကွယ်လွန်သူ မိဘများဖြစ်ကြသော ဗိုလ်ကြီးညိုမောင်-ဒေါ်ရင်ရင်၊ သား နိုင်လင်းထွန်း(ခ)ဖိုးသားအား ရည်စူး၍ ကျန်ရစ်သူမိသားစုမှ အလှူငွေကျပ် ၁၁၀၀၀၀ ကို စံရိပ်ငြိမ်ကျောင်းတိုက်ဆရာတော် အရှင်ဇဝန(ပဲခူး)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

မင်္ဂလာတောင်ညွန့်မြို့နယ် မလွကုန်းမီးရထားရပ်ကွက်ရှိ ဓမ္မရက္ခိတဘုန်းတော်ကြီးသင် ပညာရေး မူလတန်းကျောင်းသို့ ဇွန် ၉ရက်က မလွကုန်းမီးရထားဒီဇယ်စက်ခေါင်းစက်ရုံ (စက်ခေါင်းမှူး-၁)ဦးမျိုးလွင်၊ဒေါ်မိတင်ထွေး မိသားစုက ငွေကျပ်တစ်သိန်းတန်ဖိုးရှိ ကျောင်းသုံး ဗလာစာအုပ် ဒါဇင် ၅၀ ကို ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တ ဉာဏဓဇ ထံ လှူဒါန်းရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ကျော်စိုး လက်ခံယူစဉ်။ (၃၂)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

### ၁၁-၆-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေး တေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေး တေးကဗျာ
- ၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၂။ ပြီးပါပြီ။

**ညပိုင်း**

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၅ ၃။ အမျိုးသားရေး တေးကဗျာ
- ၄း၃၀ ၄။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
- ၄း၅၀ ၅။ မျိုးချစ်တပ်မတော်
- ၅း၀၀ ၆။ အမျိုးသားရေး တေးကဗျာ
- ၅း၂၀ ၇။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
- ၅း၃၀ ၈။ ရင်ခုန်စီးဆင်း အချစ်သီချင်း
- ၅း၄၀ ၉။ မြတ်နိုးကြစေ အမျိုးသားအမွေ
- ၅း၅၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြား သတင်း
- ၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၃။ အမျိုးသားရေး တေးကဗျာ
- ၆း၃၀ ၁၄။ **ကာတွန်းအစီအစဉ် "ကျားကလေးရဲ့ မွေးရပ်မြေ" အပိုင်း(၂)**
- ၇း၀၀ ၁၅။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ရာဇဝင်တွင်တဲ့ သူရဲကောင်း (အပိုင်း-၇၃)**
- ၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေး တေးကဗျာ
- ၁၉။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၀။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -သွေးသစ္စာဓား (အပိုင်း-၂၈)**
- ၂၁။ သင့်အတွက်မနက်ဖြန်
- ၂၂။ အပိတ်နှုတ်ဆက်စကား
- ၂၃။ ပြီးပါပြီ။

ရာဝတီတိုင်း လေဘေးသင့်ဒေသများ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်ကြမည့် ပြည်နယ်၊ တိုင်းများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ ရန်ကုန်မြို့ တက္ကသိုလ်ရိပ်သာလမ်းသစ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဌာနချုပ်ရုံးမှ လေဘေးသင့်ဒေသများသို့ မော်တော်ယာဉ်များဖြင့် ထွက်ခွာသွားကြစဉ်။ (သတင်းစဉ်)

# လေဘေးသင့်ဒေသများသို့ ကွင်းဆင်းစေလွှတ်သည့် အခမ်းအနားကျင်းပ

**ရန်ကုန် ဇွန် ၁၀**

မြန်မာနိုင်ငံ လေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးနှင့်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေး ရည်ရွယ်ချက်ဖြင့် မြန်မာနိုင်ငံတော်အစိုးရ၊ အာဆီယံနှင့် ကုလသမဂ္ဂတို့ ပါဝင်သည့် သုံးပွင့်ဆိုင် ဗဟိုအဖွဲ့၏ ဦးဆောင်မှုဖြင့် နာဂစ်မုန်တိုင်းအပြီး လေ့လာဆန်းစစ်မှုများ ပြုလုပ်ရန်အတွက် PONJA Teams (Post Nargis Joint Assessment) အဖွဲ့များကို ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့ရှိ လေဘေးသင့်ဒေသများသို့ ကွင်းဆင်းစေလွှတ်သည့် အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ရှိ Chatrium Hotel Grand Ballroom ၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော Tripartite Core Group(TCG) အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အဆိုပါစေလွှတ်သည့် PONJA Teams များတွင် ကျေးရွာအုပ်စု လေ့လာဆန်းစစ်ရေးအဖွဲ့နှင့် ပျက်စီးဆုံးရှုံးမှု လေ့လာဆန်းစစ်ရေးအဖွဲ့ဟူ၍ ကဏ္ဍနှစ်ခု သတ်မှတ်ကာ အုပ်စုခြောက်စုခွဲပြီး ၁၀ ရက်ကြာ ဧရာဝတီတိုင်းရှိ ဘိုကလေး၊ ဒေးဒရဲ၊ ကျိုက်လတ်၊ လပွတ္တာ၊ မအူပင်၊ မော်လမြိုင်ကျွန်း၊ မြောင်းမြ၊ ငပုတော၊ ပုသိမ်၊ ဖျာပုံ၊ ဝါးခယ်မ စသည့် မြို့နယ် ၁၁ မြို့နယ်နှင့် ရန်ကုန်တိုင်းရှိ ဒဂုံမြို့သစ် (မြောက်ပိုင်း)၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)၊ ဒဂုံမြို့သစ် (တောင်ပိုင်း)၊ ဒလ၊ လှိုင်သာယာ၊ ထန်းတပင်၊ အင်းစိန်၊ ကော့မှူး၊ ခရမ်း၊ ကွမ်းခြံကုန်း၊ ကျောက်တန်း၊ မြောက်ဥက္ကလာပ၊ ဆိပ်ကြီးခနောင်တို၊ ရွှေပြည်သာ၊ သာကေတ၊ သန်လျင်၊ သင်္ဃန်းကျွန်း၊ သုံးခွ၊ တွံတေး စသည့် မြို့နယ် ၁၉ မြို့နယ်တို့သို့ သွားရောက်၍ ကွင်းဆင်းလေ့လာ ပြီး အစီရင်ခံစာကို စုပေါင်းပြုစုသွားမည် ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

# မုန်တိုင်းသင့် ပြည်သူများအတွက် ပြည်ပမှပေးပို့သောအလှူငွေများအပေါ် တစ်စုံတစ်ရာဖြတ်တောက်မှုမရှိ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် အပြည့်အဝ သုံးစွဲလျက်ရှိ

နေပြည်တော် ဇွန် ၁၀

**မုန်တိုင်းသင့်ပြည်သူများအတွက် ပြည်ပမှပေးပို့သော အလှူငွေများထဲမှ အခွန်ငွေအဖြစ် ၁၀ရာခိုင်နှုန်း ဖြတ်တောက်လျက်ရှိကြောင်း မိုးလုံးပြည့် မုသာဝါဒီ ပြည်ပသတင်းဌာနများက မဟုတ်မမှန် လုပ်ကြံစွပ်စွဲ ထုတ်လွှင့်လျက်ရှိသည်။**

မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်း၊ ပြည်ပမှ နိုင်ငံခြားငွေ လှူဒါန်းလိုသူများအနေဖြင့် မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၌ Rehabilitation and Reconstruction Sub-Committee Account အမေရိကန်ဒေါ်လာစာရင်းအမှတ် 1DA 06-00002, Rehabilitation and Reconstruction Sub-Committee Account ယူရိုစာရင်းအမှတ် 1EA 06-00016 နှင့် Rehabilitation and Reconstruction Sub-Committee Account စင်ကာပူဒေါ်လာစာရင်းအမှတ် 1SA 06-00002 တို့ကို ဖွင့်လှစ်ထားရှိပြီးဖြစ်ပါသည်။

အဆိုပါဘဏ်စာရင်းများသို့ ပြည်တွင်းပြည်ပ အလှူရှင်များ၏ လှူဒါန်းငွေများအပေါ် တစ်စုံတစ်ရာဖြတ်တောက်မှုမရှိဘဲ လေဘေးသင့် ပြည်သူများအတွက် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၌ အပြည့်အဝ သုံးစွဲလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အတည်ပြုဖောင် ၄း၀၀

▲ ရှေ့ဖုံးမှ

ဆက်လက်၍ ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်ဝင်းက တွံတေးမြို့နယ်ရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများ ဖွဲ့စည်းထားမှုနှင့် လူဦးရေ၊ တွံတေးမြို့၌ လေဘေးသင့်၍ အိုးအိမ်များ ပျက်စီးဆုံးရှုံးသွားသူများအတွက် မြေနေရာရွေးချယ်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးချုပ်က တွံတေးမြို့နယ် ပြည်သူ့ဆေးရုံ၊ အခြေခံပညာအထက်တန်းကျောင်း၊ ဌာနဆိုင်ရာ ရုံးအဆောက်အအုံများ၏ ပျက်စီးမှုအလိုက် ပြုပြင်ပြီးစီးမှု အခြေအနေများ၊ ပြုပြင်ရန် ကျန်ရှိနေသည့် အခြေခံပညာကျောင်းများ ဆက်လက် ပြုပြင်နိုင်မည့် အခြေအနေများကို မေးမြန်းပြီး တွံတေးမြို့ပေါ်၌ ပြုပြင်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ဦးစားပေးအလိုက် ပြုပြင်နိုင်ရေး စနစ်တကျ စီမံသွားရန်၊ မြို့ပေါ် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်သကဲ့သို့ ကျေးလက်ဒေသများသို့ ကွင်းဆင်းပြီး ဦးစားပေး အဆင့်အလိုက် ပြုပြင်သွားရန်၊ မိုးရာသီသို့ရောက်ရှိလာပြီဖြစ်၍ လေဘေးကြောင့် နောက်ဆက်တွဲရောဂါများ မဖြစ်ပွားရေးအတွက် မြို့နယ် သန့်ရှင်း သပ်ရပ်ရေး လုပ်ငန်းများကို စနစ်တကျ စီမံဆောင်ရွက်ကြရန်၊ ခရိုင်နှင့် မြို့နယ်တို့မှ တာဝန်ရှိသူများအနေဖြင့် ဒေသအတွင်းရှိ အစွန်အဖျားကျသည့် နေရာများအထိ ရောက်ရှိအောင် သွားရောက်ပြီး ဒေသ၏ လိုအပ်ချက်များ၊ ဒေသခံပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်၊ ဒေသတာဝန်ခံများအနေဖြင့် မိမိတာဝန်ယူရသည့် ဒေသများ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် စေတနာထား အပင်ပန်းခံ ကြိုးပမ်းဆောင်ရွက်ကြရန်၊ လေဘေးကြောင့် အိုးအိမ်မဲ့သွားသူများအား နေရာချထားပေးနိုင်ရန် မြို့ကွက်သစ်

## စစ်ဆေး

**အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ပတုပ်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ယာယီစာသင်ဆောင်ဖြင့် ကျောင်းသား၊ ကျောင်းသူများအား စာသင်ကြားပေးနေမှုများကို ကြည့်ရှုစစ်ဆေးအားပေးစဉ်။** (သတင်းစဉ်)

## ကြည့်ရှု

**အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တွံတေးမြို့ အခြေခံပညာ အထက်တန်းကျောင်းကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

ဖော်ထုတ်ရေးလုပ်ငန်းကို စနစ်တကျ စီမံဆောင်ရွက်ပေးကြရန် ကိစ္စများကို မှာကြားသည်။

ထို့နောက် တွံတေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်စံသာထံ မြန်မာ့ရွှေယင်း ကုမ္ပဏီမှ ဒေါ်အေးရင်က လေဘေးသင့် ပြည်သူများအတွက် ဆန်အိတ် ၅၀ ကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင် များသည် ပုံမှန်အနေအထားသို့ ပြန်လည်ရောက်ရှိပြီး စည်ပင်လျက်ရှိသည့် တွံတေးမြို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တွံတေးမြို့ အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိကြပြီး ကြည့်ရှုစစ်ဆေးကြရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းတင်နှင့် တာဝန်ရှိသူများက လေမုန်တိုင်း တိုက်ခတ်ရာတွင် ပျက်စီးခဲ့မှုများနှင့် ပြန်လည်ပြုပြင် ပြီးစီးမှု အခြေအနေများ၊ ကျောင်းသား၊ ကျောင်းသူများအား စာသင်ကြားပေးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းပြသကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်က မှာကြားရာတွင် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး၌ ပညာအရည်အချင်း ပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာရေးတွင် ပညာရေးကဏ္ဍသည် အဓိကကျသဖြင့် ထူးချွန်ထက်မြက်သော ပညာတတ်များဖြစ်စေရန် သင်ကြားပေးရန်လိုကြောင်းနှင့် ကလေးများအား စည်းကမ်းကောင်းအောင်၊ ကိုယ်ကျင့်တရားကောင်းအောင်၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်အောင် ကျောင်းမှာနေစဉ်ကပင် လေ့ကျင့်ပျိုးထောင်ပေးရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် တွံတေး ရွှေဆံတော်ဘုရားအနီး၌ မုန်တိုင်းကြောင့် လဲကျခဲ့သည့် သစ်ပင်ကြီးများကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက ယာဉ်၊ ယန္တရားများအကူအညီဖြင့် ရှင်းလင်းဖယ်ရှားနေမှုများကို ကြည့်ရှုစစ်ဆေးကြပြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နံနက် ၁၀နာရီတွင် တွံတေးမြို့မှ ကော့မှူးမြို့သို့ မော်တော်ယာဉ်များဖြင့် သွားရောက်ကြရာ ရှေးဦးစွာ ကော့မှူးမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ လေမုန်တိုင်းကြောင့် ပျက်စီးခဲ့သည့် ကျောင်းအဆောက်အအုံများ ပြုပြင်ပြီးစီးမှု၊ ကျောင်းသား၊ ကျောင်းသူများအား စာသင်ကြားပေးနိုင်မှုများကို မေးမြန်းကာ လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ကော့မှူးမြို့ မြို့နယ် ယာယီ ကျန်းမာရေးဆေးခန်း၌ ဒေသခံပြည်သူများအား ဆေးကုသပေးလျက်ရှိသည့် အင်ဒိုနီးရှားသမ္မတနိုင်ငံမှ ပါမောက္ခ Dr. Munar Lubis ခေါင်းဆောင်သော ဆေးအကာအကွယ်ပေးရေးအဖွဲ့အား နှုတ်ဆက်အားပေးကြသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်များနှင့် ပူးပေါင်း၍ အင်ဒိုနီးရှားဆေးအကာအကွယ်ပေးရေးအဖွဲ့က ဒေသခံပြည်သူများအား ဆေးကုသပေးနေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဝန်ကြီးချုပ် နှင့် အဖွဲ့ဝင်များအား မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကော့မှူးမြို့နယ် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများကို အနီးကပ် ကြီးကြပ် ဆောင်ရွက်လျက်ရှိသည့် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ကော့မှူးမြို့နယ်အတွင်း လေမုန်တိုင်းတိုက်ခတ်ခဲ့မှုနှင့် ပျက်စီးဆုံးရှုံးမှုများ၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ချက်များနှင့် ပြီးစီးမှုများ၊ မြို့နယ် ပြန်လည်တည်ဆောက်ရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ဗီဒီယိုဆလိုက်ပုံများဖြင့် ရှင်းလင်းတင်ပြသည်။

### ရှင်းလင်းတင်ပြ

ဆက်လက်၍ ရန်ကုန် တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်ဝင်းက ကော့မှူးမြို့နယ်ရှိ ရပ်ကွက်၊ ကျေးရွာများ ဖွဲ့စည်းတည်ဆောက်ထားမှု၊ မြို့ကွက်သစ် တိုးချဲ့ဖော်ထုတ်နိုင်မည့် မြေအနေအထားနှင့် မြို့ကွက်သစ် ဖော်ထုတ်နိုင်ရန် လေ့လာတိုင်းတာခဲ့မှု၊ မြို့ကွက်သစ်ဖော်ထုတ်ပြီး အိုးအိမ်မဲ့ဖြစ်သွားသော လေဘေးသင့်သူများအား နေရာချထားရန် စီစဉ်ထားမှုများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်
ကို မေးမြန်းမှာကြားသည်။

ထို့နောက် ကော့မှူးမြို့နယ် အေ
ကောင်စီဥက္ကဋ္ဌ ဦးမြင့်ဆွေထံ မြန်မာ
ပြည်သူများအတွက် ဆန်အိတ်များကို လ

ယင်းနောက် ဝန်ကြီးချုပ် နှင့် အဖွဲ့ဝ
ကျေးရွာ အခြေခံပညာမူလတန်းလွန်ကေ
ကျောင်းသားကျောင်းသူများအား စာသ
စစ်ဆေးအားပေးကြသည်။

ထို့နောက်ဝန်ကြီးချုပ်သည် မုန်တို
ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျေ
သည်များကို မှာကြားသည်။

ယင်းနောက်ဝန်ကြီးချုပ်နှင့်အဖွဲ
ကုန်းကားလမ်း၌ လျှပ်စစ်မီးပြန်လည်ရရှိ
မီးရထားသံလမ်းဟောင်းများ အသုံးပြု၍
KV ဓာတ်အားလိုင်းဆွဲနေမှုများကို ကြည့်
စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခ

ထိုမှတစ်ဆင့် ဝန်ကြီးချုပ်နှင့်အဖွဲ့
ကွမ်းခြံကုန်းမြို့နယ် ဒေးဒနော်စံပြကျေးရွာ
အဖွဲ့ခေါင်းဆောင် Mr. Park Jong Mi
Kyeod တို့ခေါင်းဆောင်သော ကိုရီးယား
ပေးရေးအဖွဲ့ဝင်များအား တွေ့ဆုံ နှုတ
နေမှုများကို ကြည့်ရှုကြရာ ကွမ်းခြံကုန်းမြ
လုပ်ငန်းများကို အနီးကပ်ကြီးကြပ် ဆော
ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက
အနေများကို ရှင်းလင်းတင်ပြသည်။

## ဆေးကုသ

**အမျိုးသား သဘာဝဘေး ကာ
ကော်မတီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြ
ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူး
ဆေးခန်း၌ ကျန်းမာရေးဦးစီးဌာနမှ
အင်ဒိုနီးရှား ဆေးအကာအကွယ် ပေ
များအား ဆေးကုသပေးနေမှုကို ကြ**

# နိုင်ငံတကာမှ
# ရန်ကုန်အပြည်ပြည်

မုန်တိုင်းတိုက်ခက်မှုကြောင့် ပျက်စီ
ပေးပို့လျက်ရှိကြရာ ထိုင်းနိုင်ငံအခြေစိုက် 
များ၊ဆေးနှင့်ရေသန့်စင်ပစ္စည်းများ၊ တစ်
လေယာဉ်နှစ်စင်းဖြင့် ယနေ့ နံနက် ၁၀နာ
ကြက်ခြေနီအသင်းမှ လှူဒါန်းသော စော
ရည်များ၊ဆန်များ၊ နို့မှုန့်များ စုစုပေါင်း ၂
နှင့် နံနက်၁၁နာရီ ၂၇မိနစ်တို့တွင်လည်း
တာပေါ်လင်များ၊ ဖိုင်ဘာခွက်များ စုစုပေ
မိနစ် ၄၀နှင့် ညနေ ၃နာရီ ၃၂မိနစ်တို့တွ
အဝတ်အထည်များ၊ ရေသန့်များ စုစုပေါ
ကောင်း၊ ကုလသမဂ္ဂကလေးများ ရန်ပုံငွေ
မွန်းလွဲ ၂နာရီတွင်လည်းကောင်း ရန်ကုန်

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးချုပ်က လိုအပ်သည်များကို မေးမြန်းမှာကြားသည်။

ထို့နောက် ကော့မှူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဆွေထံ မြန်မာရွှေယင်းကုမ္ပဏီက လေဘေးသင့်ပြည်သူများအတွက် ဆန်အိတ်များကို လှူဒါန်းသည်။

ယင်းနောက် ဝန်ကြီးချုပ် နှင့် အဖွဲ့ဝင်များသည် ကော့မှူးမြို့နယ် ပတုပ်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ယာယီ စာသင်ဆောင်ဖြင့် ကျောင်းသားကျောင်းသူများအား စာသင်ကြားပေးနေ မှုများကို ကြည့်ရှုစစ်ဆေးအားပေးကြသည်။

ထို့နောက်ဝန်ကြီးချုပ်သည် မုန်တိုင်းကြောင့်ပျက်စီးသွားသည့် ပတုပ်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ကော့မှူး-ကွမ်းခြံကုန်းကားလမ်း၌ လျှပ်စစ်မီးပြန်လည်ရရှိရေးအတွက် လျှပ်စစ်ဝန်ထမ်းများက မီးရထားသံလမ်းဟောင်းများ အသုံးပြု၍ ဓာတ်မီးတိုင်များစိုက်ထူနေမှု၊ ၃၃ KV ဓာတ်အားလိုင်းဆွဲနေမှုများကို ကြည့်ရှုစစ်ဆေးကြရာ အမှတ်(၂)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က ရှင်းလင်းပြသသည်။

ထိုမှတစ်ဆင့် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မွန်းလွဲ၁၂နာရီခွဲတွင် ကွမ်းခြံကုန်းမြို့နယ် ဒေးဒနော်စံပြကျေးရွာရှိ ဘိုးဘွားရိပ်သာသို့ရောက်ရှိကြပြီး အဖွဲ့ခေါင်းဆောင် Mr. Park Jong Min၊ အဖွဲ့တာဝန်ခံ Dr. Park Sei Kyeod တို့ခေါင်းဆောင်သော ကိုရီးယားသမ္မတနိုင်ငံမှ ဆေးအကာအကွယ်ပေးရေးအဖွဲ့ဝင်များအား တွေ့ဆုံ နှုတ်ဆက်အားပေး၍ ဆေးကုသပေးနေမှုများကို ကြည့်ရှုကြရာ ကွမ်းခြံကုန်းမြို့နယ် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို အနီးကပ်ကြီးကြပ် ဆောင်ရွက်ပေးလျက်ရှိသည့် စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက ပံ့ပိုးကူညီပေးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးသိန်းစိန် ကွမ်းခြံကုန်းမြို့ မြို့သစ်ရပ်ကွက် အခြေခံပညာမူလတန်းကျောင်း၌ ယာယီစာသင်ဆောင်ဖြင့် ကျောင်းသား၊ ကျောင်းသူများအား စာသင်ကြားပေးနေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ကွမ်းခြံကုန်းမြို့ အဝင်ကမာပါကျေးရွာ၌ မိုးစပါးစိုက်ပျိုးရေးအတွက် လက်တွန်းထွန်စက်များဖြင့် စုပေါင်းထွန်ယက်နေမှုများကို ကြည့်ရှုကြသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကွမ်းခြံကုန်းမြို့ အဝင်လမ်းဘေးဝဲ/ယာ၌ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၏ သန့်ရှင်းရေး စုပေါင်းဆောင်ရွက်နေမှုများကို ကြည့်ရှုကြသည်။

ထိုမှတစ်ဆင့် ကွမ်းခြံကုန်းမြို့ လေဘေးကွပ်ကဲရေးစခန်းသို့ ရောက်ရှိကြရာ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က ကော့မှူး-ကွမ်းခြံကုန်း-ဒေးဒရဲမြို့နယ်များကို ချိတ်ဆက်မည့် ၃၃ KV ဓာတ်အားလိုင်းသွယ်တန်းခြင်း လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဝန်ကြီးချုပ် နှင့် အဖွဲ့ဝင်များသည် ကွမ်းခြံကုန်းမြို့ မြို့သစ်ရပ်ကွက် အခြေခံပညာမူလတန်းကျောင်း၌ ယာယီစာသင်ဆောင်ဖြင့် ကျောင်းသား၊ ကျောင်းသူများအား စာသင်ကြားပေးနေမှုများကို ကြည့်ရှုစစ်ဆေးရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းနှင့် တာဝန်ရှိသူများက အခြေခံပညာကျောင်းများ၌ သင်ကြားမှုမပျက် စာသင်ကြားနိုင်ရေးအတွက် ယာယီစာသင်ဆောင်များ တည်ဆောက်၍ ပညာသင်ကြားပေးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး မော်တော်ယာဉ်များဖြင့် ကွမ်းခြံကုန်းမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာခဲ့ကြရာ မွန်းလွဲ ၂နာရီ ၁၅ မိနစ်တွင် ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

## ဘုန်းတော်ကြီးကျောင်းများ အချိန်နှင့် တစ်ပြေးညီ ပြုပြင် မွမ်းမံ လှူဒါန်း

**ရန်ကုန် ဇွန် ၁၀**

ဗုဒ္ဓသာသနာတော်မြတ်ကြီး နေရောင် လရောင်ပမာ အဓွန့်ရှည် တည်တံ့နိုင်ရေးအတွက် ဆရာ၊ ဒကာ လက်တွဲညီညာစွာဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မုန်တိုင်းဒဏ်သင့် ဧရာဝတီတိုင်း ဘိုကလေးမြို့ပေါ်နှင့် ကျေးရွာများရှိ ဘုန်းတော်ကြီးကျောင်း ၂၃ ကျောင်းကို နိုင်ငံသားကုမ္ပဏီများနှင့် ပူးပေါင်း၍ ပြုပြင်မွမ်းမံ လှူဒါန်းဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

ကျန်ရှိနေသော ဘုန်းတော်ကြီးကျောင်းများကိုလည်း ဆက်လက်ပြုပြင်မွမ်းမံလှူဒါန်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

## ပြင်စလူမြို့၌ တန်ဖိုးနည်း အိမ်ရာဆောက်ရန် ဆောက်လုပ်ရေးပစ္စည်းများပို့

**ရန်ကုန် ဇွန် ၁၀**

လေဘေးသင့် ပြင်စလူမြို့ ပြန်လည်ထူထောင်ရေးအတွက် တန်ဖိုးနည်းအိမ်ရာ အလုံး ၅၀ စာ ဆောက်လုပ်ရေးသုံးပစ္စည်းများကို ယနေ့ မွန်းလွဲပိုင်းတွင် လပွတ္တာမြို့ ဆိပ်ကမ်းမှ အောင်မြန်မာ(၂) ရေယာဉ်ဖြင့် သွားရောက် ပို့ဆောင်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ဆေးကုသပေး

**အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ် ယာယီကျန်းမာရေးဆေးခန်း၌ ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်များနှင့် ပူးပေါင်း၍ အင်ဒိုနီးရှား ဆေးအကာအကွယ် ပေးရေးအဖွဲ့က ဒေသခံပြည်သူများအား ဆေးကုသပေးနေမှုကို ကြည့်ရှုအားပေးစဉ်။** (သတင်းစဉ်)

## မုန်တိုင်းဒဏ်သင့် အခြေခံပညာကျောင်းများ ပြန်လည်တည်ဆောက်နိုင်၍ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားလျက်ရှိ

**ရန်ကုန် ဇွန် ၁၀**

မုန်တိုင်းဒဏ်သင့် ဧရာဝတီတိုင်း၊ ဘိုကလေးမြို့နယ်၏ ပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အနီးကပ် ကြီးကြပ်ကွပ်ကဲလျက်ရှိသည့် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ၏ ကြီးကြပ်မှုဖြင့် မြို့ ပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို တပ်မတော်၊ ပြည်သူနှင့် ပြည်တွင်း၊ ပြည်ပ မှ လူမှုရေးအဖွဲ့အစည်းများ၊ နိုင်ငံသားကုမ္ပဏီများက ကဏ္ဍအလိုက် အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်လျက်ရှိကြရာ ပညာရေးကဏ္ဍတွင်မြို့ပေါ်ရှိအခြေခံပညာအထက်တန်းကျောင်းနှင့်အခြေခံပညာအလယ်တန်းကျောင်း လေးကျောင်း၊ ၊အခြေခံပညာမူလတန်းကျောင်း ၁၁ ကျောင်း စုစုပေါင်းကျောင်း ၁၅ကျောင်းကိုလည်းကောင်း၊ ကျေးရွာ ၄၈ ရွာရှိ အခြေခံပညာအထက်တန်းကျောင်းနှင့် တွဲဖက်အခြေခံပညာအထက်တန်းကျောင်း နှစ်ကျောင်းစီ၊ အခြေခံပညာအလယ်တန်းကျောင်းနှင့် အခြေခံပညာအလယ်တန်းကျောင်းခွဲ တစ်ကျောင်းစီ၊ တွဲဖက်အခြေခံပညာအလယ်တန်းကျောင်း နှစ်ကျောင်း၊ မူလတန်းလွန် ခုနစ်ကျောင်းနှင့် အခြေခံပညာမူလတန်း ၃၃ ကျောင်း စုစုပေါင်း ၄၈ ကျောင်းတို့ကိုလည်းကောင်း ၂၀၀၈-၂၀၀၉ ပညာသင်နှစ်အမီ ပြုပြင်မွမ်းမံတည်ဆောက်နိုင်၍ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိကြသည်။

ပြုပြင်ရန် ကျန်ရှိနေသေးသောကျောင်းများကိုလည်း အချိန်နှင့်တစ်ပြေးညီ မွမ်းမံတည်ဆောက်လျက်ရှိကြရာ ယခုဇွန်လကုန်အမီ ပြီးစီးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ အဆိုပါကျောင်းများ ပြုပြင်မွမ်းမံတည်ဆောက်နိုင်ရေးအတွက် ထူးထရေးဒင်းကုမ္ပဏီနှင့် Air Bagan၊ ယူနီဆက်နှင့် Diamond Mercury Co.,Ltd တို့ကလည်း ပူပေါင်းပါဝင် လှူဒါန်းတည်ဆောက်ခဲ့ကြောင်းသိရသည်။ (သတင်းစဉ်)

# နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆက်လက်ရောက်ရှိ

**ရန်ကုန် ဇွန် ၁၀**

မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများအတွက် နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ပေးပို့လျက်ရှိကြရာ ထိုင်းနိုင်ငံအခြေစိုက် ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်(WFP) မှ လှူဒါန်းသော ခြင်ထောင်များ၊ဆေးနှင့်ရေသန့်စင်ပစ္စည်းများ၊ တစ်ခါသုံးခွက်များ စုစုပေါင်း ၁၉ ဒသမ ၅၄တန်သည် IL-76 နှင့် AN-12 လေယာဉ်နှစ်စင်းဖြင့် ယနေ့ နံနက် ၁၀နာရီ မိနစ်၄၀ နှင့် ညနေ ၃နာရီ မိနစ် ၅၀တို့တွင်လည်းကောင်း၊ ထိုင်းနိုင်ငံ ကြက်ခြေနီအသင်းမှ လှူဒါန်းသော စောင်များ၊ပြောင်းဆန်များ၊ ဆေးအမျိုးမျိုး၊အဝတ်အထည်များ၊ရေသန့်များ၊အချိုရည်များ၊ဆန်များ၊ နို့မှုန့်များ စုစုပေါင်း၂၄ဒသမ၄၆ တန်သည် C-130 လေယာဉ်နှစ်စင်းဖြင့် နံနက်၁၀နာရီ ၅၃မိနစ်နှင့် နံနက်၁၁နာရီ ၂၇မိနစ်တို့တွင်လည်းကောင်း၊ အမေရိကန်ပြည်ထောင်စုမှ လှူဒါန်းသော လုံချည်များ၊ စောင်များ၊ တာပေါ်လင်များ၊ ဖိုင်ဘာခွက်များ စုစုပေါင်း ၁၄ဒသမ ၆၈ တန်သည် C-130 လေယာဉ်နှစ်စင်းဖြင့် နံနက်၁၁နာရီ မိနစ် ၄၀နှင့် ညနေ ၃နာရီ ၃၂မိနစ်တို့တွင်လည်းကောင်း၊ ထိုင်းနိုင်ငံရှိ ဗန်ကောက်လေကြောင်းလိုင်းမှ လှူဒါန်းသော အဝတ်အထည်များ၊ ရေသန့်များ စုစုပေါင်း ပါကင် ၂၈၀သည် PG-710 လေယာဉ်ဖြင့် မွန်းလွဲ၁နာရီခွဲတွင် လည်းကောင်း၊ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF) မှ မိုးကာတဲအကြီးခုနစ်တန်သည် C-130 လေယာဉ်ဖြင့် မွန်းလွဲ ၂နာရီတွင်လည်းကောင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိလာကြသည်။ (သတင်းစဉ်)

## ကာကွယ်ဆေး တိုက်ကျွေး ထိုးနှံပေး

**မြောင်းမြမြို့နယ် စိုက်ပျိုးရေးသိပ္ပံ ကယ်ဆယ်ရေးစခန်းရှိ လေဘေးသင့် မိဘမဲ့ကလေးများအား ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေး အဖွဲ့ဝင်များနှင့်ကျန်းမာရေးဝန်ထမ်းများက ကာကွယ်ဆေးတိုက်ကျွေးထိုးနှံပေးနေစဉ်။**

(ကျန်းမာရေး)

# ရန်ကုန်မြို့တွင်းရှိ ဆက်သွယ်ရေးဆက်ကြောင်းများ ပြုပြင်ပြီးစီးမှု ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၁၀

**ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် ဒုတိယဝန်ကြီး ဗိုလ်ချုပ်သိန်းထွန်းနှင့်အတူ ဇွန် ၉ ရက်တွင် ရန်ကုန်မြို့ မရမ်းကုန်းရှိ အပြည်ပြည်ဆိုင်ရာဆက်သွယ်ရေး အိတ်ချိန်းသို့ရောက်ရှိပြီး နိုင်ငံတကာဆက်ကြောင်းများချိတ်ဆက်ထားရှိမှုနှင့် အိတ်ချိန်းများပြုပြင် မွမ်းမံမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာအင်ဂျင်နီယာချုပ်များ၏ ရှင်းလင်းတင်ပြမှုများအပေါ် ဝန်ကြီးက နိုင်ငံတကာ ဆက်သွယ်မှုဆက်ကြောင်းများ မပြတ်တောက်စေရေးအတွက် အရန်ဆက်ကြောင်းများချိတ်ဆက်ရေး၊ စက်ပစ္စည်းများအား စနစ်တကျ ကိုင်တွယ် ပြုပြင်ထိန်းသိမ်းရေးနှင့် အရည်အသွေးပြည့်ဝသော ဆက်သွယ်ရေးဝန်ဆောင်မှုဖြစ်လာစေအောင် ပိုင်းဝန်းဆောင်ရွက်သွားကြရေး ဆွေးနွေးမှာကြားသည်။**

ဆက်လက်၍ ဝန်ကြီးသည် ရွှေဂုံတိုင်ရှိ CDMA မိုဘိုင်းရေဒီယိုစခန်း သို့ရောက်ရှိပြီး မိုဘိုင်းဆက်သွယ်ရေး အင်ဂျင်နီယာချုပ်က ပင်လယ်ပြင် ကမ်းနီးကမ်းဝေး CDMA မိုဘိုင်းဆက်သွယ်ရေးစနစ်အတွက် ဆက်ကြောင်းများ တိုးချဲ့တပ်ဆင်ခြင်း၊ တာဝါတိုင်များ တိုးချဲ့စိုက်ထူခြင်း လုပ်ငန်းအခြေအနေများကို လည်းကောင်း၊ အော်တိုတယ်လီဖုန်း အင်ဂျင်နီယာချုပ်က လုပ်ငန်းဆောင်ရွက်မှုများကို လည်းကောင်း တင်ပြကြရာ ဝန်ကြီးကလိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးသည်။

ထို့နောက် ဝန်ကြီးသည် ရန်ကုန်မြို့တွင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက တယ်လီဖုန်းတိုင် အသစ်များ အစားထိုးစိုက်ထူခြင်း၊ တိုင်ကျိုးများ ဖယ်ရှားခြင်း၊ လိုင်းကြိုးအသစ်ဆွဲခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆက်သွယ်မှုမရရှိသေးသော ရန်ကုန်မြို့တွင်း တယ်လီဖုန်းလိုင်းများ အမြန်ဆုံး ပြန်လည်ကောင်းမွန်ရေးနှင့် စက်ယန္တရားများဖြင့် အရှိန်မြှင့် ဆောင်ရွက်သွားရေး မှာကြားသည်။

**ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ အပြည်ပြည် ဆိုင်ရာ ဆက်သွယ်ရေး အိတ်ချိန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။**(ဆက်သွယ်ရေး)

ဆက်လက်၍ ဝန်ကြီးသည် ဟံသာဝတီရှိ အပြည်ပြည်ဆိုင်ရာအမြန်ချောပို့ဌာနသို့ ရောက်ရှိပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့တက်ရောက်ဆွေးနွေးမှာကြားသည်။ ထိုမှတစ်ဆင့် ဝန်ကြီးသည် ဟံသာဝတီရှိ အင်တာနက်အိတ်ချိန်း(National Gateway) သို့ရောက်ရှိပြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ အင်တာနက်ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးပြည့်မီစေရန် စက်ပစ္စည်းအသစ် တပ်ဆင်နေမှုများ၊ နိုင်ငံတကာဆက်ကြောင်းများသို့တိုးချဲ့ချိတ်ဆက် ဆောင်ရွက်မှုအခြေအနေများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ အင်ဂျင်နီယာချုပ်များ၏ ရှင်းလင်းတင်ပြချက်များအပေါ် ဝန်ကြီးကလိုအပ်ချက်များ ဖြည့်စွက်မှာကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ဖတ်စရာ မှတ်စရာ သိစရာ ကျင့်စရာများဖြင့် ဇူလိုင်လထုတ် ဝိဇ္ဇာမဂ္ဂဇင်း ဖြန့်ချိ

ရန်ကုန် ဇွန် ၁၀

ဆရာမောင်ပန်းမွှေးနှင့် ဆရာမောင်သွေးချွန်တို့ စီစဉ်တည်းဖြတ်သော ဇူလိုင်လထုတ် ဝိဇ္ဇာမဂ္ဂဇင်း ဖြန့်ချိထားသည်ကို တွေ့ရသည်။ **(ယာပုံ)** ဝိဇ္ဇာလမ်းစဉ် ဝိဇ္ဇာကျင့်စဉ် ဝိဇ္ဇာဂုဏ်ရည်တို့ကို ပီပြင်စွာဖော်ပြထားသော စာကောင်းစာသန့်များကိုဖတ်မှတ်ရသည်။ နယ်စပ်တွင် တည်ထားသော ဆံတော်ရှင် မွတ်လအိမ္မတ်လအဲ့ပုံတော်နှင့် သမိုင်းကြောင်း၊ မော်လမြိုင်သဲအင်းဂူ ဆရာတော် ဦးဇိနာ၏ ဘဝနှင့်ဓမ္မကျင့်စဉ်၊ စလူမြောင်တောရ ဆရာတော်၏ အံ့ဖွယ်ထူးခြားကျင့်စဉ်များ၊ မဟာဗောဓိမြိုင်ဆရာတော်၏ ဓမ္မရေးရာ၊ ရွှေပေါ်ကျွန်း ဆရာတော်၏ ဝိဇ္ဇာနှင့်စရဏရှင်းတမ်း၊ ဝိဇ္ဇာလမ်းပေါ်မှ ရုပ်ပွားတော်နှင့် စေတီများပြုပြင်ပုံ စသော ဆောင်းပါးကောင်းများ ပါဝင်သည်။

ကျင့်စဉ်လမ်းညွှန်အဖြစ် ဂန္ဓာရီဝိဇ္ဇာဖြစ်နည်း၊ရတနသုတ်ဖြင့်ထွက်မြောက်ခြင်း၊ ဘေးရန် အန္တရာယ်အကာအကွယ်ပုတီးစိပ်နည်း၊ မဟာသရဏဂုံကျင့်စဉ်၊ ကိုယ်တွေ့အာနာပါန၊ ဘားမဲ့ဆရာတော်၏နေသိဒ္ဓိလမ်းညွှန် စသော အားကောင်းသော ဆောင်းပါးများကိုလည်း ဖော်ပြထားသည်။ ဝေပုလ္လာရာမ ဆရာတော်ကြီး၏ ကျန်းမာရေးနှင့် ဒဿနအမြင်၊ ရက်ကန်းစင်တောင်ဆရာတော်ကြီး အဓိဌာန် ဆောက်တည်ခဲ့သည့် ရေသိမ်တော်၊ နေမိန္ဒြေအေးရိပ် စခန်းလမ်းညွှန်၊ ဒေဝီဂိုအင်ကာ၏ဓမ္မအမြင်၊ တရားပြဆရာမကြီး ဒီပါးမား စသည်ဖြင့် ဖတ်စရာ မှတ်စရာ စုံလင်လှသည်။

မြင်းမထိရွာ၊ ဥက္ကာလုံမွေ့ရှင်တော်မှ အံ့ဖွယ်များ၊ မုန်တိုင်းမာယာနှင့် စက်ပရိတ်တော်အစွမ်း၊ ယုဂန္ဓိုရ်အင်ဂျက်ရှင်းစသော ဝိဇ္ဇာသုတ ဝိဇ္ဇာရသများကိုလည်း တွေ့ရသည်။ ဝိဇ္ဇာပုံပြင် ဂမ္ဘီရဝတ္ထု ကျန်းမာရေးနှင့် နက္ခတ်ဗေဒင်ဟောစာတမ်းများလည်းပါဝင်သည်။ ကလောင်အင်အားတောင့်တင်းစွာ စာမျက်နှာ ၃၀၀ ကျော် စာကောင်းစာသန့်များ စုစည်းထားသော ဝိဇ္ဇာမဂ္ဂဇင်းကို တော်ဝင်မြို့မစာအုပ်တိုက်၊ အမှတ်-၈၈ ဒုတိယထပ်(ယာ)၊ ၃၈-လမ်း၊ ကျောက်တံတားမြို့နယ်။ ဖုန်း - ၂၄၅၂၈၄၊ ၃၇၉၄၈၇၊ ရန်ကုန်မှ တန်ဖိုး ကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိကြောင်းသိရသည်။ (သတင်းစဉ်)

## လပွတ္တာမြို့နယ် လေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ

**ရန်ကုန် ဇွန် ၁၀**

ကျန်းမာရေးဝန်ကြီးဌာန၏ စီစဉ်ဆောင်ရွက်မှုအရ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး(ကူးစက်)၊ ဒေါက်တာ စိုးလွင်ငြိမ်း ဦးဆောင်သော ကျန်းမာရေး စောင့်ရှောက်မှု အဖွဲ့ဝင်များ သည် လပွတ္တာမြို့နယ်ရှိ လေဘေးသင့် ပြည်သူများအား ဇွန် ၃ ရက်မှစတင်ကာ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများအားသွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက် ပေးလျက်ရှိသည်။

လပွတ္တာမြို့နယ် ပြည်သူ့ဆေးရုံ၌ အထူးကုဆရာဝန်ကြီးများပါဝင်သော အဖွဲ့က နေ့စဉ်အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများနှင့် ကိုယ်ဝန်ဆောင်မိခင် အထူးစောင့်ရှောက်ခြင်း လုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့ဝင်များက ကယ်ဆယ်ရေးစခန်းများရှိ လေဘေးသင့်ပြည်သူများအား ဆေးခန်းဖွင့်လှစ်၍ နေ့စဉ် ၂၄ နာရီ ဆေးကုသမှုပေးခြင်းယာယီကယ်ဆယ်ရေးစခန်းတစ်ခုချင်းသို့ သွားရောက်၍ ကာကွယ်ဆေးထိုးနှံပေးခြင်း၊အသက်ကိုးလမှ ငါးနှစ်အောက်ကလေးများအားလုံးနှင့် ငါးနှစ်မှ ၁၀ နှစ်အထိကလေးများ ဝက်သက်ကာကွယ်ဆေးမထိုးနှံသေးပါက ထပ်မံထိုးနှံပေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များအား မေးခိုင်ကာကွယ်ဆေး ထိုးနှံခြင်း၊ ထိခိုက်ဒဏ်ရာရသူများနှင့် ကယ်ဆယ်ရေးလုပ်ငန်း၊ သန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်နေသူများအား မေးခိုင်ကာကွယ်ဆေးထိုးနှံပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

ကျန်းမာရေး စောင့်ရှောက်မှု အဖွဲ့ဝင်များသည် ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် အခြားကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများဖြစ်သည့် ကျန်းမာရေးပညာပေးခြင်း၊ သောက်သုံးရေကန်များအားကလိုရင်းဆေးခတ်ခြင်း၊ ငှက်ဖျားရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါများဖြစ်ပွားမှုမရှိစေရေးအတွက် ခြင်၊ ယင် နှိမ်နင်းရေးလုပ်ငန်းဖြစ်သည့်ဆေးဖျန်း၊ ဆေးမှုတ်လုပ်ငန်းများဆောင်ရွက်ပေးခြင်း၊ ယင်လုံအိမ်သာဆောက်လုပ် သုံးစွဲခြင်းနှင့် အမှိုက်သရိုက်စနစ်တကျစွန့်ပစ်ရေးကို ပြည်သူများနှင့်ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

ကယ်ဆယ်ရေးစခန်းများတွင် အထူးအစီအစဉ်ဖြင့် အထူးကုဆရာဝန်ကြီးများ ပါဝင်သောအဖွဲ့များက ဆေးကုသပေးခြင်း၊ မျက်စိအထူးကု ဆရာဝန်ကြီးများကမျက်စိစမ်းသပ်စစ်ဆေးကုသပေးခြင်း၊ သွားဆရာဝန်ကြီးများက သွားနှင့်ခံတွင်းရောဂါများကုသပေးခြင်းနှင့် စိတ်ကျန်းမာရေး ဆရာဝန်ကြီးတို့က လိုအပ်သောစိတ်ကျန်းမာရေးစစ်ဆေးကုသမှုကို ဆောင်ရွက်မှုပေးလျက်ရှိသည်။

အလားတူ လပွတ္တာမြို့နယ်တွင်းရှိ လေဘေးသင့်ခံရသော ကျေးရွာတိုင်းတွင်လည်း ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပြီး ဇွန် ၉ ရက်အထိလေဘေးသင့် ဒေသများနှင့် စခန်းများတွင် ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် အခြားကူးစက်ရောဂါများ ကပ်အသွင်ဖြစ်ပွားမှုမရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ဗိုလ်ချုပ်ဈေးသစ် ဈေးသူ၊ ဈေးသားများ ဆွမ်းကပ်လှူ လေဘေးသင့်သူများအတွက် ငွေနှင့်ပစ္စည်းလှူဒါန်း

**ရန်ကုန် ဇွန် ၁၀**

မုန်တိုင်းဒဏ်ကြောင့် ဘဝတစ်ပါးပြောင်းသွားခဲ့ကြသည့် ရဟန်းရှင်လူပြည်သူများအား တစ်လပြည့် ဆွမ်းကပ်လှူအမျှပေးဝေပွဲနှင့် လေဘေးသင့် ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းပေးအပ်ပွဲကို ဇွန် ၇ ရက်က ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ်၊ ဗိုလ်ချုပ်ဈေးသစ် ဓမ္မသာလာဘုရားကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ပန်းဘဲတန်းမြို့နယ် သိမ်တော်ကြီး ပရိယတ္တိစာသင်တိုက် ပဓာနဆရာတော်ဘဒ္ဒန္တကုမာရက ကိုးပါးသီလချီးမြှင့်ပြီး **(အပေါ်ပုံ)** ရေစက်ချ အမျှအတန်းပေးဝေကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်ကြသည်။

ဗိုလ်ချုပ်ဈေးသစ် ဈေးသူ၊ ဈေးသားများသည် လေဘေးသင့်ပြည်သူများ အတွက် အလှူငွေကျပ် ၂၅သိန်းနှင့် အဝတ်အထည်၊ စားသောက်ကုန်ငွေကျပ် ၂၅ သိန်းဖိုးကို သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် လေဘေးသင့်ဒေသများသို့ ကိုယ်တိုင်ကိုယ်ကျသွားရောက် လှူဒါန်းကြမည်ဖြစ်ကြောင်းသိရသည်။ (က-ပ)

## ပြည်နယ်နှင့်တိုင်း လက်ဝှေ့ပြိုင်ပွဲ ပြီးစီး တံခွန်စိုက်ဒိုင်းကြီး မန္တလေးတိုင်းဆွတ်ခူး

**နေပြည်တော်ပျဉ်းမနား ဇွန် ၁၀**

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော ၂၀၀၈ခုနှစ် (၃၉)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း (အမျိုးသမီး၊ အမျိုးသား) လက်ဝှေ့တံခွန်စိုက်ပြိုင်ပွဲ နောက်ဆုံး ဗိုလ်လုပွဲပွဲစဉ်များကို နေပြည်တော်ပျဉ်းမနားရှိ ပေါင်းလောင်း အားကစားကွင်းမိုးလုံလေလုံခန်းမ၌ ကျင်းပခဲ့ရာ သက်ငယ်တန်း လက်ဝှေ့ပြိုင်ပွဲ တံခွန်စိုက် ဒိုင်းဆုကြီးကို အမှတ်ပေါင်း (၂၈)မှတ်ဖြင့် မန္တလေးတိုင်းကလည်းကောင်း၊ အမျိုးသမီးလက်ဝှေ့တံခွန်စိုက်ဒိုင်းဆုကြီးကို အမှတ်ပေါင်း ၁၂ မှတ်ဖြင့် ကရင်ပြည်နယ်ကလည်းကောင်း၊ (ဂ)အဆင့် အမျိုးသားလက်ဝှေ့ တံခွန်စိုက်ဒိုင်းဆုကြီးကို အမှတ်ပေါင်း ၁၆မှတ်ဖြင့် ချင်းပြည်နယ်ကလည်းကောင်း၊ (ခ)အဆင့် အမျိုးသား လက်ဝှေ့တံခွန်စိုက်ဒိုင်းဆုကြီးကို အမှတ်ပေါင်း ၁၅မှတ်ဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)က လည်းကောင်း ဆွတ်ခူးရရှိပြီး ပြည်နယ်နှင့်တိုင်း တံခွန်စိုက်ဒိုင်းဆုကြီးကို စုစုပေါင်း ၅၃မှတ်ဖြင့် မန္တလေးတိုင်းက ဆွတ်ခူးရရှိသွားသည်။ (၁၀၇)

## ပညာသင်ထောက်ပံ့ကြေး ပေးအပ်

**ရန်ကုန် ဇွန် ၁၀**

ကော့သောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်း မိသားစုများအား ၂၀၀၈-၂၀၀၉ ပညာသင်နှစ်တွင်ပညာသင်ထောက်ပံ့ ကြေးပေးအပ်ပွဲအခမ်းအနားကို မေ ၂၉ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဟံသာဝတီခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဝင်းက ဝန်ထမ်း မိသားစုဝင် ကျောင်းသား၊ ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ကြောင်း သိရသည်။ **(အောက်ပုံ)** (ခရိုင်ပြန်/ဆက်)

# နိုင်ငံတကာအကူအညီပေးရေးအဖွဲ့ များအား နိုင်ငံတော်မှ ပြည်ဝင်ဗီဇာများ ခွင့်ပြုပေးလျက်ရှိ ပြည်ပနိုင်ငံသား (၉၁၁)ဦးအား ဝင်ခွင့်ပြုခဲ့ပြီး ယနေ့အထိ (၅၆၉)ဦး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်နေ

နေပြည်တော် ဇွန် ၁၀

**၂၀၀၈ခုနှစ် မေ ၂ရက်နှင့် ၃ရက်တွင် တိုက်ခတ်ခဲ့သော နာဂစ်မုန်တိုင်းနှင့်ပတ်သက်၍ လေဘေးသင့်ပြည်သူများအား လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးရန်၊ ထိခိုက်၊ပျက်စီး၊ ဆုံးရှုံးမှုများအား နိုင်ငံတကာကျွမ်းကျင်သူများ လာရောက်လေ့လာရန်နှင့် လေဘေးကယ်ဆယ်ရေးဆိုင်ရာကျန်းမာရေး စောင့်ရှောက်မှုအတွက် ဆေးအကာအကွယ်ပေးရေးအဖွဲ့များ လာရောက်ဆောင်ရွက်နိုင်ရန် နိုင်ငံတကာအကူအညီပေးရေးအဖွဲ့များအား နိုင်ငံတော်မှ ပြည်ဝင်ဗီဇာများ ခွင့်ပြုပေးလျက်ရှိပါသည်။**

ထိုသို့ခွင့်ပြုခဲ့သည့်အတွက် မေ ၅ ရက်မှ ဇွန် ၅ ရက်အထိ မြန်မာနိုင်ငံသို့ဝင်ရောက် ခွင့်ပြုခဲ့သော ပြည်ပနိုင်ငံသားများမှာ UN, NGO, INGO နှင့် ပုဂ္ဂလိကဝင်ရောက်သူ (၄၅၈)ဦး၊ ဆေးကုသရန် အာဆီယံနှင့် အိမ်နီးချင်းနိုင်ငံများမှ ဝင်ရောက်သူ ၃၅၇ဦး၊ UN-ASEAN အစည်းအဝေးတက်ရောက်ရန် ဝင်ရောက်သူ ၉၆ဦးဖြစ်ရာ ဝင်ရောက် သူစုစုပေါင်း ၉၁၁ ဦးဖြစ်ပါသည်။ ၎င်းတို့အနက် ပြန်လည်ထွက်ခွာသွားသူ ၃၄၂ ဦးရှိပြီး ၅၆၉ ဦးမှာ လေဘေးသင့်ဒေသများ၌ ယနေ့အထိ လုပ်ငန်းများ ဆက်လက်ဆောင် ရွက်လျက်ရှိကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မွန်တိုင်းဒေသကြီးဇက်သင့် ဘိုကလေးမြို့နယ် အတွင်းရှိဆေးရုံနှင့် ဆေးပေးခန်းများ အချိန်နှင့်တစ်ပြေးညီ ပြုပြင်မွမ်းမံဆောင်ရွက်လျက်ရှိ

**ရန်ကုန် ဇွန် ၁၀**

မုန်တိုင်းဒဏ်သင့်ဧရာဝတီတိုင်း ဘိုကလေးမြို့နယ်၏ ပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေး လုပ်ငန်းများကို ကဏ္ဍအလိုက် အချိန်နှင့် တစ်ပြေးညီဆောင်ရွက်လျက်ရှိရာ ကျန်းမာရေးကဏ္ဍတွင် မြို့နယ်ပြည်သူ့ဆေးရုံကြီးနှင့် ကျေးလက်ကျန်းမာရေးဌာန၊ ကျေးလက်ကျန်းမာရေးဌာနခွဲအပါအဝင် အဆောက်အအုံများကို ပြုပြင်မွမ်းမံတည်ဆောက်ပြီးကြောင်း သိရသည်။

ကျန်ရှိသေးသော တိုက်နယ်ဆေးရုံ၊ကျေးလက် ကျန်းမာရေးဌာနနှင့် ဌာနခွဲ ၄၀ တို့ကိုလည်း ယာယီပြုပြင်မွမ်းမံနိုင်ခဲ့ပြီး အပြီးသတ်မွမ်းမံ တည်ဆောက်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ (သတင်းစဉ်)

**ကွမ်းခြံကုန်းမြို့နယ် ဒေးဒနော စံပြကျေးရွာရှိ ဘိုးဘွားရိပ်သာ၌ ကိုရီးယားသမ္မတနိုင်ငံမှ ဆေးအကာအကွယ်ပေးရေးအဖွဲ့ဝင်များ ဒေသခံပြည်သူများအား ဆေးကုသပေးနေကြစဉ်။ (သတင်းစဉ်)**

## မန္တလေးအသင်း(ရန်ကုန်) ဓာတ်ပုံပြပွဲ ကျင်းပမည်

**ရန်ကုန် ဇွန် ၁၀**

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်း အမှတ်(၆၂၈/၆၃၂)ပထမထပ်ရှိ မန္တလေးအသင်း(ရန်ကုန်) ရတနာပုံခန်းမ၌ ဇူလိုင် ၆ ရက်မှ ၁၂ ရက်အထိ ရှုခင်းသာယာ ပြည်မြန်မာဓာတ်ပုံပြပွဲ ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ဓာတ်ပုံပညာရှင်များ ပါဝင်ပြသကြပါရန် ဖိတ်ကြားနိုးဆော်ထားသည်။ တစ်ဦးလျှင် ၁၂"× ၁၈" အရွယ် စိတ်ကြိုက်ရောင်စုံဓာတ်ပုံနှစ်ပုံစီ ဇွန် ၃၀ ရက်နောက်ဆုံးထား၍ ပေးပို့ကြရမည်ဖြစ်သည်။

ပါဝင်ပြသထားသည့် ဓာတ်ပုံများထဲမှ ၂၀၀၉ ခုနှစ် မန္တလေးအသင်းပြက္ခဒိန်အတွက် ဓာတ်ပုံ ၁၃ ပုံ ရွေးချယ်ဖော်ပြမည်ဖြစ်ပြီး ရွေးချယ်ခံရသောဓာတ်ပုံပညာရှင်များအားဂုဏ်ပြုဆုငွေများချီးမြှင့်မည်ဖြစ်ကြောင်းသိရသည်။ (ကြေးမုံ)

# သတင်းအချက်အလက်များစွာဖြင့် ယခုတစ်ပတ် ရန်ကုန်တိုင်းမ်ဂျာနယ်ထွက်ရှိ

**ရန်ကုန် ဇွန် ၁၀**

"လဲနေသူထူမတ်ရေး သူတို့ကလည်းကူညီပေး"၊"ပြည်ပ NGO အဖွဲ့အစည်းများ၏ လေဘေးဒဏ်သင့်ဒေသရှိ ပြည်သူများအား ကူညီထောက်ပံ့မှုများအပေါ်" အထူးအလေးပေးသုံးသပ်ချက်များ ဝေဝေဆာဆာဖြင့် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ (၄)အမှတ် (၂၂) ယခုတစ်ပတ်ထွက်ရှိလာသည်။

ထို့အပြင်"ရေတိမ်ရွာသို့တစ်ခေါက်" ခရီးသွားမြင်ကွင်း၊ မုန်တိုင်းဒဏ်ခံနိုင်သည့် စံပြကျေးရွာ မြန်မာနိုင်ငံတွင် ပထမဆုံး တည်ဆောက်မည်၊ အိန္ဒိယမှနာမည်ကြီးသရုပ်ဆောင် ရှာရွှတ်ခန်းနှင့် အနုပညာရှင်များ လေဘေးသင့်ပြည်သူများကိုကူညီရန် မြန်မာနိုင်ငံတွင် လာရောက်ဖျော်ဖြေမည်။ လေဘေးသင့်ဒေသများသို့ သွားရောက်၍ Sunday Talk အစီအစဉ်ကွင်းဆင်းရိုက်ကူး၊ နှစ်စဉ် ဝါစိုက်ပျိုး ထုတ်လုပ်မှု တိုးတက်သော်လည်း ပြည်တွင်းဝါလိုအပ်ချက် မြင့်မား လျက်၊ ဂျပန်မှမှာယူခဲ့သည့်ဘတ်စ်ကားသစ်များဖြင့် မထသမှ အဆင့်မြင့်ယာဉ်လိုင်းသစ်စတင်ပြေးဆွဲ၊ ရန်ကုန်တိုင်းအတွင်း အိုးအိမ်ပျက်စီးဆုံးရှုံးသူများအတွက် သစ်ခွဲသားများရောင်းချပေး၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ "ပြန်လည်ထူထောင်ရေး" အကြောင်းစသည့် ပြည်တွင်းရေးရာ သတင်းဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

ယူရို-၂၀၀၈ "ဘယ်သူတွေ ဗိုလ်စွဲမလဲ၊ ဘယ်သူတွေဖျက်မြင်းဖြစ်မလဲ၊ ဘယ်ကစားသမားတွေကို စောင့်ကြည့်ရမလဲ" စသည့် အချက်များအပေါ် ကမ္ဘာ့ဘောလုံးကစားသမားဟောင်းများ၊ မန်နေဂျာဟောင်းများ၏ ထင်မြင်သုံးသပ်ချက်များအပါအဝင် စားနပ်ရိက္ခာထုတ်လုပ်မှုကို ၂၀၃၀ ပြည့်နှစ်နောက်ဆုံးထား၍ ၅၀ရာခိုင်နှုန်းတိုးမြှင့်ရန်လို၊ ပါရာဝွေးခေါင်းဆောင်သစ်၏ ကြိုးသိုင်းဖိနပ်ရေပန်းစားလာ၊ ဗီရိုအတွင်း တစ်နှစ်တာပုန်းအောင်းနေသော ဂျပန်အမျိုးသမီးကြီးဖမ်းမိ၊ ဗြိတိန်တွင်လေထီး စစ်သားတစ်ဦးက အမျိုးသမီးအဖြစ် လိင်ပြောင်းသတဲ့၊ အလုပ်ဖိစီးမှုကြောင့် ကိုယ့်ကိုယ်ကိုယ် သတ်သေမှုများ ဂျပန်တွင်မြင့်မားနေ၊ "အသက်စွန့်ဖို့အသင့်" ဟာသကဏ္ဍသစ်၊ "ဟယ်ရီပေါ်တာတွင် သရုပ်ဆောင်သူ ဓားထိုးခံရပြီးသေဆုံး"နိုင်ငံတကာမှုခင်းရေးရာ၊ "ပြောရဦးမယ် သူတို့က ဒီလိုတဲ့" နိုင်ငံတကာ ဖျော်ဖြေရေးကဏ္ဍသစ် စသည့် နိုင်ငံတကာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေး၊ နည်းပညာ၊ အားကစားကဏ္ဍစုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ (သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၁-၆-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

AM & PM

| | |
|---|---|
| ၇း၀၀ - ၁း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ - ၁း၀၅ | "ဒါနဘာကြောင့်ပြုရသလဲ" တရားတော် ဆရာတော်အရှင်ဇဝန (မေတ္တာရှင်) |
| ၇း၅၅ - ၁း၅၅ | INDUSTRIAL TALK [ဒေါက်တာမျိုးမြင့်၊ ဦးတင်အောင်ရွှေ (သုတေသီ)] |
| ၈း၂၅ - ၂း၂၅ | သီချင်းကောင်းကောင်း သီချင်းတောင်း |
| ၈း၅၀- ၂း၅၀ | ပူဇာစ ပူဇနေယျာနံ |
| ၉း၀၀ - ၃း၀၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၁၀ - ၃း၁၀ | တေးဂီတအစီအစဉ် |
| ၉း၁၅ - ၃း၁၅ | အဆာပြေစားကြမယ် သရေစာမုန့်များကွယ် (ဖက်ထုပ်ကြော်ပြုလုပ်နည်း) |
| ၉း၃၀ - ၃း၃၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉း၄၀ - ၃း၄၀ | ပြည်နယ်ဂုဏ်ဆောင် ငွေတောင်ဆည် |
| ၉း၅၀ - ၃း၅၀ | မိုးလေဝသခန့်မှန်းချက် |
| ၉း၅၅ - ၃း၅၅ | တေးဂီတအစီအစဉ် |
| ၁၀း၀၀ - ၄း၀၀ | အလှူဆင်ပူဇော် ဘုရားမီးရောင်ခြည်တော် |
| ၁၀း၂၅ - ၄း၂၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၀း၃၅ - ၄း၃၅ | အံ့ဖွယ်ထူးခြား မာရ်အောင်မြင်ပြည်တော်ပြန်ဘုရား |
| ၁၀း၅၀ - ၄း၅၀ | တေးဂီတအစီအစဉ် |
| ၁၀း၅၅ - ၄း၅၅ | မဟူရာပွင့်ရဲ့ Landscaping |
| ၁၁း၀၅ - ၅း၀၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၁၅ - ၅း၁၅ | မြန်မာပြည်တွင် ဆီရေချိုးလို့ သည်ဆွေမျိုးတို့ ချမ်းမြေစေဖို့ |
| ၁၁း၃၅ - ၅း၃၅ | တေးဂီတအစီအစဉ် |
| ၁၁း၄၀ - ၅း၄၀ | International Video Topics ကမ္ဘာ့မြို့ကြီးများ(ပါရီ) |
| ၁၂း၁၀ - ၆း၁၀ | တေးဂီတအစီအစဉ် |
| ၁၂း၁၅ - ၆း၁၅ | Antioxidants & Your Health (အပိုင်း-၁)ဒေါက်တာဝင်းထွန်း |
| ၁၂း၃၅ - ၆း၃၅ | တေးဂီတအစီအစဉ် |
| ၁၂း၄၀ - ၆း၄၀ | ဆင်လိမ္မာတို့ နားခိုရာ မြိုင်ဟေဝန်စခန်းမှာ |
| ၁း၀၀ - ၇း၀၀ | MRTV-4 အပိတ် Logo |

# KNU အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ဆွဲမိုင်းထောင်ဖောက်ခွဲ ခရီးသည်တင်ယာဉ်တစ်စီးရှေ့လေကာမှန်အနည်းငယ်ပျက်စီး ယာဉ်ပေါ်ပါ ခရီးသည်များ ထိခိုက်ဒဏ်ရာရရှိမှု မရှိ

ရန်ကုန် ဇွန် ၁၀

**မြဝတီမြို့နယ် ကော့ကရိတ်-မြဝတီကားလမ်း၌ ဇွန် ၉ ရက်တွင် ခရီးသည်တင်မော်တော်ယာဉ်တစ်စီး ဆွဲမိုင်းထိမှန်မှုကြောင့် ရှေ့လေကာမှန် အနည်းငယ် ထိခိုက်ပျက်စီးသွားကြောင်း၊ လူထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်းသိရှိရသည်။**

ဖြစ်ပွားပုံမှာ ဇွန် ၉ ရက် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်ခန့်တွင် ကော့ကရိတ်မြို့မှ မြဝတီမြို့သို့ ထွက်ခွာလာသည့် ခရီးသည်တင် ဟိုင်းလတ်ယာဉ် အမှတ် ၆ခ/၃၀၇၅ သည် ကော့ကရိတ်-မြဝတီ ကားလမ်း မိုင်တိုင်အမှတ်(၉၃) အရောက်၌ KNU အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ဆွဲမိုင်းထောင်ဖောက်ခွဲမှုကြောင့် ဟိုင်းလတ်ယာဉ်၏ ရှေ့လေကာမှန်အနည်းငယ် ထိခိုက်ပျက်စီးမှု ရှိခဲ့ပြီး ယာဉ်ပေါ်တွင် လိုက်ပါလာသည့် ခရီးသည် ငါးဦးစလုံး ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း၊ KNUအကြမ်းဖက်သောင်းကျန်းသူများနောက်သို့ နယ်မြေခံ တပ်များက လိုက်လံရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မုတ်သုံလေအားကောင်းမည်

မြန်မာနိုင်ငံနှင့်အနီးပတ်ဝန်းကျင်နိုင်ငံများအတွက် မိုးလေဝသအခြေအနေပြမြေပုံ



ရန်ကုန် ဇွန် ၁၀

**ယနေ့ နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်း နှင့် ရန်ကုန်တိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာခဲ့ကာ မန္တလေးတိုင်းတွင်နေရာကွက်၍ မိုးကြီးခဲ့သည်။

**မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** မိုးကုတ်မြို့တွင် ၃ ဒသမ ၃၁ လက်မ၊ စစ်တွေမြို့တွင် ၂ ဒသမ ၀၄ လက်မ၊ ရန်ကုန်(မင်္ဂလာဒုံ)တွင် ၁ ဒသမ ၆၉ လက်မ၊ ဗန်းမော်မြို့တွင် ၁ ဒသမ ၄၆ လက်မ၊ ဖလမ်းမြို့တွင် ၁ ဒသမ ၃၀ လက်မနှင့် ကသာမြို့နှင့် ရန်ကုန်(ကမ္ဘာအေး)တို့တွင် ၁ ဒသမ ၂၆ လက်မစီ တို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။**ယနေ့ နံနက် မြန်မာစံတော်ချိန် ၆ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသည့် လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေအားနည်းနေပြီး ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။

**ဇွန် ၁၁ ရက် ညနေအထိ ခန့်မှန်းချက် ။ ။** ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်။ ။** မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်** မှာ မုတ်သုံလေအားကောင်းမည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်**တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်**တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်** တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ**

| | | |
|---|---|---|
| အမြင့်ဆုံးအပူချိန် ၂၉ ဒသမ ၀ ဒီဂရီစင်တီဂရိတ် (၈၄ ဒီဂရီဖာရင်ဟိုက်) | | ၉-၆-၂၀၀၈ |
| အနိမ့်ဆုံးအပူချိန် ၂၂ ဒသမ ၀ ဒီဂရီစင်တီဂရိတ် (၇၂ ဒီဂရီဖာရင်ဟိုက်) | | ၁၀-၆-၂၀၀၈ |
| ၀၉း၃၀နာရီအချိန် စိုထိုင်းဆ ၈၅ ရာခိုင်နှုန်း | | ၁၀-၆-၂၀၀၈ |
| နေပူသည့် နာရီပေါင်း | မရှိပါ | ၉-၆-၂၀၀၈ |

**မိုးရေချိန်**

| ရက်စွဲ | မင်္ဂလာဒုံ | ကမ္ဘာအေး | ရန်ကုန်မြို့လယ် |
|---|---|---|---|
| ၁၀-၆-၂၀၀၈ | ၄၃မမ(၁. ၆၉လက်မ) | ၃၂မမ(၁. ၂၆လက်မ) | ၁၈မမ(၀. ၇၁လက်မ) |
| ၁-၁-၂၀၀၈မှ ယနေ့ထိ | ၈၈၂ မမ(၃၄ဒသမ၇၂လက်မ) | ၁၀၄၃မမ(၄၁ဒသမ၀၆လက်မ) | ၁၃၄၆မမ(၅၂ဒသမ၉၉လက်မ) |

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၉-၆-၂၀၀၈ ရက် ၁၆း၃၀နာရီတွင် အနောက်တောင်ဘက်မှ တစ်နာရီ ၅ မိုင်နှုန်း တိုက်ခတ်သည်။

ယူကရိန်းနိုင်ငံ အရှေ့ပိုင်း ဒွန်းနက်စကီးဒေသ ကျောက်မီးသွေးမိုင်းတွင် ပေါက်ကွဲမှုဖြစ်ရာမှ ပိတ်မိနေသော လုပ်သား ၂၃ ဦးအနက် လွတ်မြောက်လာသူ နှစ်ဦးကို မိသားစုများနှင့်အတူ ဇွန် ၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

# အမေရိကန်မှအမဲသားတင်သွင်းသည့် ကိစ္စနှင့်ပတ်သက်၍ တောင်ကိုရီးယားသမ္မတ၏ လက်ထောက်များ နုတ်ထွက်စာတင်

**ဆိုးလ် ဇွန် ၉**

တောင်ကိုရီးယား ပြည်သူများ၏ ထောက်ခံမှုကျဆင်းစေခဲ့သည့် မူဝါဒဆိုင်ရာ မှားယွင်းမှုများအပေါ် တာဝန်ရှိပြီး တာဝန်ယူသည့် အနေဖြင့် တောင်ကိုရီးယားသမ္မတ လီမြောင်ဘတ်၏ ထိပ်တန်းလက်ထောက်ကိုးဦးစလုံးက ရာထူးမှ နုတ်ထွက်လွှာ တင်ခဲ့ကြကြောင်း တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက သောကြာနေ့တွင် ပြောကြားသည်။

တောင်ကိုရီးယားသမ္မတ လီအနေဖြင့်အမေရိကန်မှအမဲသားများတင်ပို့သည့် စျေးကွက်ကို တောင်ကိုရီးယားနိုင်ငံတွင် ပြန်လည်ဖွင့်လှစ်ရေးနှင့် ပတ်သက်၍ ဖိအားပေးမှုခံနေရပြီး ဖော်ပြပါနုတ်ထွက်လွှာများကို လက်ခံရေးအတွက် မဆုံးဖြတ်နိုင်သေးဟု လီ၏ပြောရေးဆိုခွင့်ရှိသူကပြောကြားသည်။

တောင်ကိုရီးယားသမ္မတလီသည် ဒီဇင်ဘာရွေးကောက်ပွဲတွင် ခြိမ့်ခြိမ့်သဲအောင်မြင်မှု ရရှိလာခဲ့သော်လည်း ယခုအခါ လူထုထောက်ခံမှုသည် ၂၀ရာခိုင်နှုန်းအထိ ကျဆင်းခဲ့သည်။

ပြည်သူများ၏ ဒေါသပြေပျောက်စေရန်အတွက် အန္တရာယ်ရှိသည့် နွားအိုများမှ အမဲသားများကို အမေရိကန်မှ တင်သွင်းခွင့် မပြုရန်နှင့် အမေရိကန်မှ အမဲသားတင်ပို့သူများအနေဖြင့် ယင်းကဲ့သို့သော အမဲသားများ တင်ပို့မှု မရှိစေရန် အမေရိကန်အစိုးရက ဆောင်ရွက်ပေးရန် တောင်ကိုရီးယားအစိုးရက ကြေညာခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***

## အာဖဂန်နစ္စတန်တွင် ဗြိတိန်တပ်ဖွဲ့ဝင်သုံးဦး သေဆုံး

**လန်ဒန် ဇွန် ၉**

အာဖဂန်နစ္စတန်နိုင်ငံတွင် တနင်္ဂနွေနေ့က အသေခံတိုက်ခိုက်ခြင်းခံရသောကြောင့် ဗြိတိသျှစစ်သားသုံးဦး သေဆုံးကြောင်း၊ နှစ်ဦးဒဏ်ရာရရှိကြောင်း ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာနက အတည်ပြုပြောကြားသည်။

အမှတ်(၂)လေထီးတပ်ရင်းမှစစ်သားများသည် အာဖဂန်နစ္စတန် တောင်ပိုင်း ဟယ်လ်မင်းပြည်နယ်ရှိ ၎င်းတို့စခန်းအနီး ကင်းလှည့်နေစဉ် တိုက်ခိုက်ခံရခြင်းဖြစ်ကြောင်းကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

တိုက်ခိုက်ခံရသော နေရာ၌ပင်တစ်ဦးသေဆုံးပြီး ကျန်နှစ်ဦးမှာ ရရှိသောဒဏ်ရာဖြင့် နောက်မှ သေဆုံးခြင်းဖြစ်ကြောင်း ၎င်းဝန်ကြီးဌာနက ပြောကြားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# ထိုင်းနှင့် အိန္ဒိယ ကုန်သွယ်ရေး တိုးမြှင့်ဆောင်ရွက်မည်

**ဗန်ကောက် ဇွန် ၉**

အိန္ဒိယအစိုးရသည် ထိုင်းနိုင်ငံနှင့် နှစ်နိုင်ငံကုန်သွယ်ရေးကို ၂၀၁၀ ပြည့်နှစ်မတိုင်မီ အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံဖိုးအထိ ရောက်ရှိရန် ရည်ရွယ်ထားကြောင်း ထိုင်းနိုင်ငံသို့ ရောက်ရှိနေသည့် အိန္ဒိယသံအမတ်က စနေနေ့တွင် ပြောကြားသည်။

အိန္ဒိယနိုင်ငံတွင် ထိုင်းနိုင်ငံမှ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု(အက်ဖ်ဒီအိုင်) တိုးလာခြင်းနှင့်ထိုင်းနိုင်ငံသို့ အိန္ဒိယတင်ပို့ကုန် ပိုမိုတိုးလာခြင်းသည် လက်တွေ့ကျသည့်သဘောဖြစ်ကြောင်းထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ စနေနေ့တွင်ကျင်းပသော အိန္ဒိယ-ထိုင်း စီးပွားရေးထိပ်သီးဆွေးနွေးပွဲ၌ အိန္ဒိယ သံအမတ် လာတာရက်ဒီက ပြောကြားသည်။ထိုအစည်းအဝေးကို အိန္ဒိယစက်မှုလက်မှုကုန်သည်ကြီးများအဖွဲ့ (အက်ဖ်အိုင်စီဒီအိုင်)က စီစဉ်ကျင်းပခြင်းဖြစ်သည်။

၂၀၀၇-၂၀၀၈ခုနှစ် နှစ်နိုင်ငံကုန်သွယ်ရေးသည်အမေရိကန်ဒေါ်လာ ၆ ဒသမ ၅ဘီလီယံ ရရှိပြီးဖြစ်၍ ၂၀၁၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံ ရရှိရေး မျှော်မှန်းချက်ထက် ကျော်လွန်မည်ဟု မျှော်မှန်းကြောင်းရက်ဒီ၏ ပြောကြားချက်များကိုကိုးကား၍ ဗန်ကောက်ပို့စ်ဝက်ဘ်ဆိုက်၌ တင်ပြထားသည်။

တာကာအဖွဲ့နှင့် အခြားသော ဆေးဝါးနှင့်ကုမ္ပဏီများ ကဲ့သို့သော အိန္ဒိယကုမ္ပဏီများသည် ထိုင်းနိုင်ငံ၌ ရင်းနှီးမြှုပ်နှံ လုပ်ကိုင်လျက်ရှိသည်။ တစ်ချိန်တည်းမှာပင် အိန္ဒိယနိုင်ငံတွင်လည်း စိုက်ပျိုးရေး ဆောက်လုပ်ရေး၊ ကားထုတ်လုပ်ရေးနှင့် ဘဏ်လုပ်ငန်းတို့တွင် ရင်းနှီးမြှုပ်နှံလုပ်ကိုင်လိုသည့်ထိုင်းနိုင်ငံမှမှတ်ပုံတင်လာသောကုမ္ပဏီများလည်းပိုမိုများပြားလာကြောင်း ရက်ဒီက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ကြေးမုံ The Mirror

## နိုင်ငံတကာသတင်းများ

# အီရတ်စစ်ပွဲတွင် သေဆုံးသူ အမေရိကန်တပ်ဖွဲ့ဝင်ဦးရေ ၄၀၉၄ ဦးရှိ

**ဝါရှင်တန် ဇွန် ၁၀**

အမေရိကန်နှင့် အပေါင်းပါများ အီရတ်နိုင်ငံသို့ ၂၀၀၃ခုနှစ် မတ်လတွင် စတင်ကျူးကျော်ဝင်ရောက်ချိန်မှ ၂၀၀၈ ခုနှစ် ဇွန် ၉ရက်အတွင်း အဆိုပါနိုင်ငံ၌ သေဆုံးရသော အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်သည် ၄၀၉၄ဦးရှိသွားပြီဖြစ်ကြောင်း အေပီသတင်းဌာန၏ စာရင်းများအရ သိရသည်။

ထိုစာရင်းတွင် စစ်ရေးတာဝန်ထမ်းဆောင်ရင်း သေဆုံးရသော အရပ်ဘက်ဝန်ထမ်း ရှစ်ဦးလည်း ပါဝင်သည်။ သေဆုံးသူ အမေရိကန်တပ်ဖွဲ့ဝင်များအနက် အနည်းဆုံး ၃၃၃၅ ဦးမှာ ခုခံတိုက်ခိုက်ရေးသမားများနှင့် တိုက်ပွဲဖြစ်ပွားရာ၌ သေဆုံးရခြင်းဖြစ်သည်။

အပေါင်းပါတပ်ဖွဲ့ဝင်များအနက် ဗြိတိသျှတပ်ဖွဲ့ဝင်များသည် အီရတ်၌ သေဆုံးမှု ဒုတိယအများဆုံးဖြစ်သည်။ စုစုပေါင်း ၁၇၆ ဦးရှိသည်။ ကျန်တပ်ဖွဲ့ဝင်များအနက် အီတလီမှ ၃၃ဦး၊ယူကရိန်းမှ ရှစ်ဦး၊ ပိုလန် ၂၁ဦး၊ ဘူလ်ဂေးရီးယား ၁၃ဦး၊ စပိန်၁၁ဦး၊ ဒိန်းမတ်ခုနစ်ဦး၊ အယ်လ်ဆာဗေဒိုငါးဦး၊ စလိုဗားကီးယား လေးဦး၊ လတ်ဗီးယားနှင့် ဂျော်ဂျီယာမှ သုံးဦးစီ၊ အက်စတိုးနီးယား၊ နယ်သာလန်၊ ထိုင်းနှင့် ရိုမေးနီးယားတို့မှ နှစ်ဦးစီနှင့် ဩစတြေးလျ၊ ဟန်ဂေရီ၊ ကာဇက်စတန်နှင့် တောင်ကိုရီးယားတို့မှ တစ်ဦးစီ သေဆုံးကြောင်း သိရသည်။

**အင်တာနက်။**

# အယ်လ်ဂျီးရီးယားတွင် ဗုံးနှစ်လုံးပေါက်ကွဲ ပြင်သစ်အင်ဂျင်နီယာတစ်ဦးအပါအဝင် ၂၀ သေဆုံး

**အယ်လ်ဂျီးယားစ် ဇွန် ၉**

အယ်လ်ဂျီးရီးယားနိုင်ငံ အယ်လ်ဂျီးယားစ်မြို့ အရှေ့ဘက်ဘတ်စ်ကားမှတ်တိုင်တစ်ခု၌ တနင်္ဂနွေနေ့က ဗုံးနှစ်လုံးပေါက်ကွဲရာ ပြင်သစ်အင်ဂျင်နီယာတစ်ဦးအပါအဝင် ၂၀ သေဆုံးကြောင်း သံတမန်များနှင့် လုံခြုံရေးသတင်းရပ်ကွက်များက ပြောကြားသည်။

အယ်လ်ဂျီးရီးယားနိုင်ငံအတွင်း နိုင်ငံရေးအဓိကရုဏ်း၌ ပြင်သစ်လူမျိုးတစ်ဦး သေဆုံးခြင်းသည် ၁၉၉၀ ပြည့်နှစ်များမှ စတွက်လျှင် ပထမဆုံးအကြိမ်ဖြစ်သည်။

တနင်္ဂနွေနေ့က တိုက်ခိုက်ခြင်းသည် ခြောက်ရက်အတွင်း စတုတ္ထအကြိမ်ဖြစ်သည်။ မြို့တော် အယ်လ်ဂျီးယားမှ ကီလိုမီတာ ၅၀ (မိုင် ၃၀) ကွာဝေးသော ဘူမာဒက်(စ်)ပြည်နယ် ဘီနီအမ်ရာနဲမြို့တွင် ဗုံးနှစ်လုံး ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။

ပြင်သစ်အင်ဂျင်နီယာနှင့် ၎င်းနှင့်အတူ လိုက်ပါလာသော တပ်ဖွဲ့ဝင်ရှစ်ဦး၊ မီးသတ်သမားနှစ်ဦးနှင့် မည်သူမည်ဝါမှန်းမသိရသော လူတစ်ဦးတို့သည် ၎င်းတို့၏ ယာဉ်တန်းက ထောင်ထားသောဗုံးများကိုနင်းမိ၍ ပေါက်ကွဲရာမှ သေဆုံးကြရကြောင်း လုံခြုံရေးသတင်းရပ်ကွက်က ပြောကြားသည်။

***အမ်အင်အေ၊ရိုက်တာ။***

# ၂၀၀၈ခုနှစ်ကုန်တွင် ကမ္ဘာ့ဆဋ္ဌမမြောက် စီးပွားရေးအင်အားကြီးနိုင်ငံ ရုရှား ဖြစ်လာမည်

**မော်စကို ဇွန် ၉**

ရုရှားဒုတိယဝန်ကြီးချုပ်အီဂါရှူဗာလော့ဗ်က ရုရှားနိုင်ငံသည် ၂၀၀၈ခုနှစ်ကုန်တွင် ကမ္ဘာ့ဆဋ္ဌမမြောက် စီးပွားရေးအင်အားကြီးနိုင်ငံအဖြစ်သို့ ရောက်ရှိလိမ့်မည်ဖြစ်ကြောင်း ပြောကြားချက်ကို သတင်းဌာနများက တနင်္ဂနွေနေ့တွင် ဖော်ပြသည်။

လွန်ခဲ့သော ရှစ်နှစ်တာကာလတစ်လျှောက် ရုရှားနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်လာကြောင်း၊ ၂၀၀၈ခုနှစ်ကုန်တွင် ဆဋ္ဌမမြောက်စီးပွားရေး အကြီးဆုံးနိုင်ငံဖြစ်လာမှာဖြစ်ကြောင်း ၁၂ကြိမ်မြောက် ပီတာစဘတ်နိုင်ငံတကာ စီးပွားရေးညီလာခံတွင် ပြောကြားလိုက်ခြင်းအား အာအိုင်အေ နိုဗက်စ်တီသတင်းဌာနကကိုးကားဖော်ပြသည်။ ၁၉၉၈ခုနှစ်က ဂျီ-၈နိုင်ငံများအုပ်စုသို့ဝင်ရောက်ခဲ့သော ရုရှားနိုင်ငံသည် ယခုအချိန်တွင် တင်းပြည့်အဖွဲ့ဝင်ဖြစ်လာပြီဟု ဒုတိယဝန်ကြီးချုပ်က ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

# ကမ္ဘာ့ချန်ပီယံအီတလီ ပွဲထွက်မလှတဲ့ ယူရို ၂၀၀၈ ဂျာမနီနဲ့ နယ်သာလန် ခြေစွမ်းပြပြီး နာမည်ကြီး

**ဇာနည်ဦး**

၂၀၀၈ ခုနှစ် ဥရောပဖလားဘောလုံးပြိုင်ပွဲ (ယူရို ၂၀၀၈) ကို ဇွန် ၇ ရက်က ဆွစ်ဇာလန်နိုင်ငံ ဘေဆယ်လ်မြို့မှာ စတင်ဖွင့်လှစ်ခဲ့ပါတယ်။ ယူရို ၂၀၀၈ ဘောလုံးပြိုင်ပွဲကို ဆွစ်ဇာလန်နဲ့ ဩစတြီးယားနိုင်ငံတွေမှာ ပူးတွဲကျင်းပခဲ့တာပါ။

အဖွင့်ပွဲစဉ်မှာတော့ အုပ်စု(က)မှ အိမ်ရှင်ဆွစ်ဇာလန်အသင်း မျက်နှာပန်းမလှရှာဘဲ ချက်အသင်းကို တစ်ဂိုးတည်းနဲ့ ရှုံးသွားခဲ့ရပါတယ်။ ဒါ့အပြင် အသင်းခေါင်းဆောင်ဖြစ်ပြီး ဆွစ်ဇာလန်နိုင်ငံရဲ့ ဂိုးသွင်းအများဆုံးဘောလုံးသမားလည်းဖြစ်သူ အလက်ဇ်ဖရေး(၂၈)နှစ်ဟာ ချက်နောက်ခံလူ ဂရီဂျီးရားနဲ့ ထိခိုက်မိပြီး ဒူးဒဏ်ရာ ပြင်းထန်စွာရသွားခဲ့ရတာကြောင့် ထွက်သွားခဲ့ရပါတယ်။ ဒဏ်ရာပြင်းတာကြောင့် ဆေးရုံကိုပို့လိုက်ရတယ်လို့ ဆိုပါတယ်။

အဲဒီအုပ်စု(က) ပွဲစဉ်မှာ နာမည်ကြီးပေါ်တူဂီအသင်းက တူရကီအသင်းကို နှစ်ဂိုးပြတ်နဲ့ နိုင်သွားပါတယ်။ ပေါ်တူဂီနည်းပြဆရာကြီး စကိုလာရီက ယခုပွဲ အနိုင်ရရှိလိုက်တာဟာ ကွာတားဖိုင်နယ်တက်ဖို့ ခရီးတစ်ဝက်ရောက်ရှိခဲ့တာပဲ ဖြစ်တယ်လို့ ဆိုပါတယ်။ ပေါ်တူဂီလက်ရွေးစင် မန်ယူကစားသမား စီရော်နယ်လ်ဒိုရဲ့ ဖရီးကစ်တစ်လုံးတိုင်ထိသွားခဲ့လို့ ဂိုးရခွင့် လွတ်သွားခဲ့ပါတယ်။ ရော်နယ်လ်ဒို မန်ယူကနေ ရီးယဲလ်မဒရစ်ကို ပြောင်းမယ်ဆိုတဲ့ စကားသံတွေ ပွက်လောရိုက်နေပါတယ်။ ပေါ်တူဂီနည်းပြဆရာကြီး စကိုလာရီကလည်း ငယ်ရွယ်ခြေတက်ချိန်မှာ အခွင့်အရေးကောင်းကို လက်မလွှတ်သင့်ကြောင်း စီရော်နယ်လ်ဒိုကို နားချနေတယ်။ မီဒီယာတွေက စီရော်နယ်လ်ဒို အသင်းပြောင်းကိစ္စသတင်းတွေ လှိုင်လှိုင်ထုတ်နေလို့ မန်ယူနည်းပြကြီး ဖာဂူဆန်က ဖိဖာကိုပင်တိုင်တန်းခဲ့ရတယ်။ ရော်နယ်လ်ဒို မိသားစုကလည်း ရီးယဲလ်မဒရစ်ကိုပြောင်းဖို့ စီရော်လ်နယ်ဒို အိပ်မက်မက်နေတယ်လို့ ပြောကြတယ်။ ဒီအချိန်မှာ လူငယ်တက်သစ်စ စီရော်နယ်လ်ဒိုတစ်ယောက် စိတ်တွေလှုပ်ရှားပြီး ယူရို ၂၀၀၈ မှာ ခြေစွမ်းပျောက်မှာကို ကစားဖော်တွေက စိုးရိမ်နေကြတယ်။ အခုတော့ ပေါ်တူဂီအသင်းအနေဖြင့် ပွဲဦးကို အနိုင်နဲ့ စတင်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။

အုပ်စု(ခ) ပွဲစဉ်မှာလည်း ယူရို ၂၀၀၈ ပူးတွဲအိမ်ရှင် ဩစတြီးယားအသင်း မျက်နှာပန်းမလှဘဲ ခရိုအေးရှားအသင်းကို ပယ်နယ်တီတစ်ဂိုးဖြင့် ရှုံးသွားခဲ့ရတယ်။ ယင်းအုပ်စုတွင် နာမည်ကြီး ဂျာမနီက ပိုလန်အသင်းကို ပိုဒေါစကီး သွင်းယူသောဂိုးနှစ်ဂိုးဖြင့် အနိုင်ရသွားခဲ့တယ်။ ဂျာမနီနဲ့ ပိုလန်နှစ်ဖက်အသင်းအားပေးသူတွေ အချင်းများခဲ့တာကြောင့် ဂျာမန် ဘောလုံးပရိသတ်အချို့ကို ရဲကထိန်းသိမ်းခဲ့ရပါတယ်။ ဂျာမန်ဘောလုံးပရိသတ် ၁၀၀ ခန့်ကို ဖမ်းဆီးခဲ့တယ်လို့ ဆိုပါတယ်။ ဂျာမနီနဲ့ ပိုလန်အသင်း အားပေးသူချင်းဖြစ်တာ အခုမှမဟုတ်ပါဘူး။ ၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပွဲတုန်းကလဲ ၎င်းနှစ်သင်းတွေ့ဆုံစဉ် ပရိသတ် ၄၀၀ ကို အရေးယူခဲ့ရဖူးပါတယ်။ ပိုလန်အသင်း နည်းပြဆရာကတော့ ယခု ယူရို ၂၀၀၈ ပြိုင်ပွဲဝင် ဂျာမနီအသင်းဟာ ၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲဝင်အသင်းထက် ပိုပြီးတောင့်တင်းခိုင်မာကြောင်း ပြောကြားသွားပါတယ်။

အုပ်စုကျပ်ဖြစ်တဲ့ အုပ်စု(ဂ)အဖွင့်ပွဲစဉ်မှာတော့ ကမ္ဘာ့ချန်ပီယံဟောင်း၊ ဥရောပချန်ပီယံပြင်သစ်အသင်းဟာ ခြေစွမ်းမပြနိုင်ဘဲ ရိုမေးနီးယားအသင်းနဲ့ ဂိုးမရှိ သရေကျသွားလို့ တစ်မှတ်ပဲရလိုက်ပါတယ်။ ချယ်လ်ဆီးအသင်းမှ အနဲလ်ကာလည်း ခြေစွမ်းမပြနိုင်တာကြောင့် လူစားလဲခဲ့ရပါတယ်။ ပွဲအစအထနေးတတ်တဲ့ ပြင်သစ်အသင်းဟာ အီတလီ၊ နယ်သာလန်နဲ့ ရိုးမေးနီယားတို့ပါဝင်တဲ့ အုပ်စုကျပ်မှာ အုပ်စုအဆင့်ကျော်ဖို့ အတော်ရုန်းကန်ရဦးမှာဖြစ်ပါတယ်။

အုပ်စု(ဂ)မှာပဲ ကမ္ဘာ့ချန်ပီယံ အီတလီအသင်းဟာ နယ်သာလန်အသင်းကို မရှုမလှနဲ့ ဂိုးပြတ် (၃း၀) နဲ့ ရှုံးသွားရတာဟာ ဘယ်လိုမှ မျှော်လင့်မထားတဲ့ ရလဒ်ပါပဲ။ ဒီအုပ်စုမှာ နယ်သာလန်က သုံးမှတ်၊ ပြင်သစ်နဲ့ ရိုမေးနီးယားက တစ်မှတ်စီနဲ့ အီတလီက အမှတ်မရသေးလို့ လက်ကျန်ပွဲတွေ ခက်ခက်ခဲခဲ ကစားကြရတော့မှာဖြစ်ပါတယ်။ ။

## လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသသို့မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

* ပြည်တွင်း၊ ပြည်ပ ဆန့်ကျင်ဘက်များနှင့် အတ္တသမား၊ မသမာသူများသည် လေဘေးကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ မမှန်မကန် လုပ်ကြံသတင်းများ ဖန်တီးလျက် ဗီဒီယိုရိုက်ကူးပြီး ပြည်ပသတင်းဌာနများသို့ ပေးပို့ကာ ကိုယ်ကျိုးရှာလျက် ရှိကြသည်။

* လေဘေးသင့် ပြည်သူများအနေဖြင့် အတ္တသမား၊ မသမာသူများ၏ မသမာသော သွေးဆောင်မှုများကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် သတိထားရှောင်ရှားကြရန် နှိုးဆော်အပ်ပါသည်။

☆ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်

☆ BBC ညာနေသည်

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

☆ အဲဒီ ဝေဿလီပုဏ္ဏား(ကုန်းချောသွေးထိုးသူ)များ မယုံလေနဲ့ သတိထား

## ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများနှင့်ပတ်သက်၍ အလွဲသုံးစားပြုမှုများ တွေ့ရှိပါက တိုင်ကြားနိုင်

လေဘေးသင့်ခံရသူများအတွက် ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများကို မရိုးဖြောင့်သောသဘောဖြင့် ထိန်းသိမ်းထားခြင်း၊ ရောင်းဝယ်ခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအတွက် အသုံးချခြင်း၊ အခြားကိစ္စရပ်များအတွက် အလွဲသုံးစားပြုခြင်းများကို တွေ့မြင်သိရှိပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန-

| | |
|---|---|
| ရုံးအဖွဲ့မှူး | ဖုန်း-၀၆၇ ၄၀၄၀၂၁၊ ဖုန်း- ၀၆၇ ၄၀၄၀၂၂ နှင့် |
| ဒုတိယရုံးအဖွဲ့မှူး | ဖုန်း-၀၉၈၆ ၀၁၀၀၂ တို့သို့ တိုင်ကြားနိုင်ပါသည်။ |